**မြဝတီ နေ့စဉ်**

အချိန်မီဖြန့်ချီ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၉၇)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ သောကြာနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေသတ်မှတ်ခြင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင် ပြဋ္ဌာန်းသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၇၅) ဧကရှိသော နယ်မြေကို **"ရေထွက်ကျောက်ခေါင်း(လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၄) အရ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈ ) ရက် (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်) မှစ၍သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ ◆**

## ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် နေကြာသီးနှံ ၁၆၀၈၆ ဧက စိုက်ပျိုးပြီးစီး

ယင်းမာပင် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် နေကြာသီးနှံ ၁၆၀၈၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ယင်းမာပင်ခရိုင်၌ နေကြာသီးနှံဧက ၁၆၂၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ

**စာမျက်နှာ ၁၆ ကော်လံ ၃ ➲**





**မင်္ဂလာဓလေ့ စဉ်အောက်မေ့ ကြည်နူးချမ်းမြေ့ "ဒီပါဝလီ"နေ့**

စာ - ၁၂ သို့



**ထန်းတစ်ပင်လုံးလိုရာသုံး အပိုင်း(၁)**

စာ - ၁၃ သို့

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

စာ - ၉ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်)

# ခမ်းခမ်းနားနားထည်ထည်ဝါဝါတက္ကသိုလ်

နိုင်ငံတိုင်းတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ လူသားတို့၏ ပညာတတ်မြောက်မှုသည် မိမိနိုင်ငံ၏အနာဂတ်ကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ပညာတတ်လူငယ်များကို မွေးထုတ်ပေးလျက်ရှိသည်နှင့်အတူ အဆိုပါလူငယ်များအနေဖြင့် စိတ်ပိုင်းဆိုင်ရာတွင် မိမိနိုင်ငံ၊ မိမိလူမျိုးကို တန်ဖိုးထားမြတ်နိုးထားစိတ်များလည်းရှိနေရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ပညာတတ်လူသားအရင်းအမြစ်တိုင်းသည် မိမိနိုင်ငံနှင့်မိမိလူမျိုးကို ချစ်မြတ်နိုးစိတ်ရှိနေမှသာ မိမိနိုင်ငံသည်ကမ္ဘာတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်ကာ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် "တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" နှင့် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူငယ်တိုင်းသည် မိမိတို့ဘဝတိုးတက်မြင့်မားရေး၊ မိမိနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကိုဆုံးခန်းတိုင်အောင်သင်ယူကြရမည်ဖြစ်သည်။ ခေတ်မီတိုးတက်နေသောပညာခေတ်တွင် ပညာသည်အမြင့်မားဆုံးသော စွမ်းဆောင်ရည်တစ်ရပ်ဖြစ်လာသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် ပညာမြင့်မားသူ၊ တီထွင်ဖန်တီးနိုင်သူတို့များစွာရှိနေရန် လိုအပ်သည်။ လူငယ်ဆိုသည်မှာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြရမည့်သူများဖြစ်ပေရာ အဆိုပါလူငယ်တို့၏ ပညာရေးကိုအလေးအနက်ထားကာ လုပ်ဆောင်ပေးနေခြင်းမှာ နိုင်ငံအတွက် အကောင်းဆုံးဆောင်ရွက်ချက်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ Naypyitaw State Polytechnic University သည် နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဖြစ် တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်သည့်အတွက် သင်ကြားရေးပိုင်းဆိုင်ရာတွင်သာမက အဆောက်အဦပိုင်းဆိုင်ရာများတွင်လည်း အကောင်းမွန်ဆုံးတည်ဆောက်ထားသည်။ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိပြီး သစ်ပင်ပန်းမန်များကို စနစ်တကျထည့်သွင်းစိုက်ပျိုးထားလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက **"ယခု Naypyitaw State Polytechnic University သည် အများပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားမှုရှိသည့်တက္ကသိုလ်တစ်ခုဖြစ်သည့်အတွက် ပရိဝုဏ်အတွင်းရှိစာသင်ဆောင်များ၊ အိပ်ဆောင်များနှင့်အခြားအထောက်အကူပြုအဆောင်များအားလုံး အဆင့်မီမီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အဦများထည့်သွင်းတည်ဆောက်ရာတွင် ယခုလက်ခံနိုင်သည့် ကျောင်းသား၊ ကျောင်းသူဦးရေနှင့် ဆရာ၊ ဆရာမဦးရေအရေအတွက်အပြင် ရေရှည်တိုးပွားလာနိုင်သည့် အရေအတွက်များအတွက်လည်း ကြိုတင်တွက်ချက်စဉ်းစားဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တက္ကသိုလ်ဖွင့်လှစ်ချိန်၌ လျာထားလက်ခံနိုင်မည့်ကျောင်းသားဦးရေမှ နှစ်အလိုက်တိုးတက်လာနိုင်သည့် ကျောင်းသား၊ ကျောင်းသူဦးရေအပေါ်မူတည်၍ကျောင်းသား၊ ကျောင်းသူတိုးချဲ့၍ လက်ခံသင်ကြားပေးနိုင်ရေးအတွက်လည်း ကြိုတင်တွက်ချက်ဆောင်ရွက်ထားရှိရန်လိုကြောင်း"** လမ်းညွှန်မှာကြားခဲ့သည်။

နေပြည်တော်သည် နိုင်ငံ၏မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် Green City, Clean City, Smart City ဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန်ရည်ရွယ်ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက်လိုအပ်သည့် အဆင့်မြင့်ကျွမ်းကျင်အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရန်အတွက် ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် Naypyitaw State Polytechnic University ကို တည်ဆောက်နေခြင်းဖြစ်သည်။ အဆိုပါတက္ကသိုလ်တွင် အင်ဂျင်နီယာဘာသာရပ်များအပြင် ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘာသာရပ်များကိုပါ တိုးချဲ့သင်ကြားပေးနိုင်ရေးဆောင်ရွက်ထားရှိသည်။ အနှစ်ချုပ်ဆိုရသော် Naypyitaw State Polytechnic University သည် နိုင်ငံတော်၏အနာဂတ်တွင် ခမ်းခမ်းနားနားထည်ထည်ဝါဝါတက္ကသိုလ်အဖြစ် ထင်ရှားစွာတွေ့မြင်ရတော့မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

တပ်ကုန်း အောက်တိုဘာ ၃၁

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို အောက်တိုဘာလ ၃၁ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆွေးနွေးမှာကြားသည်။

အဆိုပါ ညောင်ပင်သာကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၆ ဒသမ ၅၅၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မထု မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ကုန်ထုတ်တံတားအဖြစ် ရေပြွန်တံတားသုံးစင်းတည်ဆောက်ခြင်းကို နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၈၄၂ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ဇွန်လ ဒုတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သူသူ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဒဂုံမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာလ ၃၁ ရက်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာ၊ ကျောက်တံတားခရိုင်ပညာရေးမှူး ဒေါ်မာလာရီ၊ ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင် နာယက ဦးညွန့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စာဖတ်ရှိန်ပွဲတော်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စာအုပ်စာပေလှူ့မိတ်ဆွေသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းရာ ဒဂုံမြို့နယ်ပညာရေးမှူးနှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးတို့က လက်ခံရယူကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောမည့် အမျိုးသားစာပေဆုများရှင် စာရေးဆရာဟိန်းလတ်အားဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အလှူရှင်များ၏လှူဒါန်းမှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အသီးသီး လက်ခံရယူကြသည်။

ထို့နောက် အမျိုးသားစာပေဆုများရှင် စာရေးဆရာဟိန်းလတ်က စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**လင်းခန့်**

# တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာလ ၃၁ ရက်တွင် အခြေခံပညာဦးစီးဌာန၏စီစဉ်မှုဖြင့် မြို့နယ်အဆင့်အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အခြေခံပညာမူလတန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် သက်ဆိုင်ရာအတန်းအလိုက် သင့်လျော်သည့်ခေါင်းစဉ်များဖြင့် ရေးဖြေ၊ နှုတ်ဖြေနှင့် ကျပန်းစကားပြောစွမ်းရည်များကို အခြေခံပညာမူလတန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၅၇ ဦး ဝင်ရောက်ဖြေဆိုကြပြီး သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် သက်ဆိုင်ရာအတန်းအလိုက် သတ်မှတ်ထားသည့် သင်ခန်းစာခေါင်းစဉ်များမှ ဉာဏ်စမ်း၊ ရေးဖြေနှင့် ဓမ္မဓိဋ္ဌာန် ရေးဖြေတို့ကို အခြေခံပညာမူလတန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၁၅၆ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာန အနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာစကား ဝေါဟာရကြွယ်ဝစေရေး၊ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ရေးသားမှုစွမ်းရည်၊ အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုစွမ်းရည်များ မြှင့်တင်ပေးနိုင်ရေး၊ ကိုယ်ပိုင်ဉာဏ်ဖြင့်စဉ်းစားတွေးခေါ်တတ်မှု၊ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများရွေးချယ်ရန်နှင့် ထူးချွန်သူများအား ဆုချီးမြှင့်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် အဆိုပါပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါ မြို့နယ်အဆင့်ပြိုင်ပွဲတွင် ရွေးချယ်ခံရသူများအနေဖြင့် နိုဝင်ဘာလတွင် ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် ဆက်လက်ရွေးချယ်ခံရပါက နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပမည့် ဗဟိုအဆင့်ပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ဂျပန်နိုင်ငံရှိ မြင်းစီးကလပ်များ၌လုပ်ကိုင်ရန် မြန်မာနိုင်ငံမှ မြင်းလုပ်ငန်းကျွမ်းကျင်သူ ၃၀ ဦးအား ကနဦးကမ်းလှမ်းလာ

ရန်ကုန် အောက်တိုဘာ ၃၁

ဂျပန်နိုင်ငံအတွင်းရှိ မြင်းစီးကလပ်များ၌လုပ်ကိုင်ရန် မြန်မာနိုင်ငံမှ မြင်းလုပ်ငန်းကျွမ်းကျင်သူ ၃၀ ဦးအား ပထမအကြိမ်အဖြစ် ကနဦးကမ်းလှမ်းလာကြောင်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

ဂျပန်နိုင်ငံ၌ မြင်းစီးကလပ်များစွာရှိပြီး လက်ရှိ အိန္ဒိယနိုင်ငံမှလုပ်သားများကိုခေါ်ယူအသုံးပြုလျက်ရှိကာ မြန်မာကျွမ်းကျင်လုပ်သားခေါ်ယူရန် ပထမအကြိမ် ကမ်းလှမ်းလာခြင်းဖြစ်သည်။

"ဂျပန်ဘက်မှာ လုပ်သားလိုအပ်ချက်က အများကြီးရှိတယ်။ မြန်မာနိုင်ငံဘက်က အလုပ်သမားတွေက အလုပ်ပိုကြိုးစားတယ်ဆိုပြီး ပထမအကြိမ်အဖြစ်ခေါ်တာပါ။ သူတို့ဆီမှာ မြင်းနဲ့ပတ်သက်တဲ့ကလပ်တွေအများကြီးရှိတယ်။ မြင်းစီးကလပ်တွေမှာရှိတဲ့ မန်နေဂျာလိုအဆင့်မျိုးအထိ ခေါ်ဖို့ရှိပါတယ်။ အခုကတော့ အခြေခံအနေနဲ့ပဲခေါ်ပါသေးတယ်။ ပထမအကြိမ်အတွက် ၃၀ ဦးခေါ်မယ်လို့ ပြောထားတယ်။ သူတို့က ဂျပန်စာသင်ပေးမယ်၊ စကားပြောသင်ပေးမယ်။ ပြီးမှ သူတို့ကြိုက်တဲ့ အရည်အချင်းရှိသူတွေကို ခေါ်မှာပါ " ဟု မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးငွေးကျော်ကပြောသည်။

လက်ရှိတွင် ခေါ်ယူမည့်ကျွမ်းကျင်လုပ်သားများ၏ ဝန်ဆောင်ခနှုန်းထားများနှင့် ပတ်သက်၍ ညှိနှိုင်းနေဆဲဖြစ်ပြီး နောက်ပိုင်းပိုမိုကောင်းမွန်သည့် အဆင့်မြင့်ရာထူးများအတွက် ကမ်းလှမ်းလာမည်ဖြစ်ကြောင်းသိရသည်။

"လက်ရှိဆွေးနွေးနေတဲ့ အချက်အလက်တွေကအများကြီးပဲ။ ဂျပန်ကိုရောက်တဲ့အထိ စရိတ်ငြိမ်းနဲ့ သူတို့က ခေါ်ပေးမှာပါ။ ဟိုမှာအလုပ်လုပ်ပြီး ရတဲ့လခထဲကမှ တဖြည်းဖြည်း ဖြတ်သွားမှာပါ " ဟု ဦးငွေးကျော်ကပြောသည်။

အဆိုပါ ကျွမ်းကျင်မြင်းလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အပြည့်ပြည့်ဆိုင်ရာ မြင်းထိန်းသိမ်းမှု နည်းစနစ်များပါဝင်သော အဆင့်မြင့် မြင်းထိန်းသိမ်းစောင့်ရှောက်မှုသင်တန်းကို နိုဝင်ဘာလအတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းကို အောင်မြင်စွာတက်ရောက်ပြီးဆုံးပါက ဂျပန်နိုင်ငံတွင် မြင်းထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး သွားရောက်အလုပ်လုပ်ကိုင်လိုသူများအား ဂျပန်ဘာသာစကားသင်တန်းကို ဆက်လက်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခန့်ခန့်**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျွန်တော်သည် လှေဦးပိုင်းတွင် နေရာယူထားပြီး ကျေးရွာလူကြီး ဦးလှညိုက လှေဝမ်းဗိုက်တွင်နေရာယူထား၏။ ကူးတို့သည် ဦးဘစိန်က ပဲ့ကိုင်ပြီး လှေလှော်ပေး၏။ ကူးတို့သည်မှာ ဦးဘစိန်ဟုခေါ်သော်လည်း မြန်မာနိုင်ငံသားမဟုတ် အိန္ဒိယနိုင်ငံသား အသက် ၆၀ ကျော် အဘိုးကြီးတစ်ဦးသာ။

ကျွန်တော်တို့ စီးနင်းလိုက်ပါကြမည့် သင်္ဘောမှာ စစ်တွေ-ကျောက်ဖြူ-တောင်ကုတ်မြို့များသွား သင်္ဘောဖြစ်သည်။ ကျွန်တော်တို့မှာ ကြားဆိပ်ကမ်းဖြစ်သော ကမ်းထောင်းကြီးမှ ကျောက်ဖြူမြို့သို့ လိုက်ရန်ပင်ဖြစ်သည်။ ကမ်းထောင်းကြီးဆိပ်သို့ ည ၈ နာရီ ၉ နာရီအတွင်း သင်္ဘောပုံမှန်ဝင်လေ့ရှိသည်။ ဆိပ်ကမ်းတွင် သောင်ခုံများလွန်းသဖြင့် ရေတက်ချိန်မဟုတ်လျှင် သရက်တောင်ရွာ ချောင်းဝမှာပဲ စက်ရှိန်လျှော့ပြီး ရပ်နားလေ့ရှိသည်။ ခရီးသည်များမှာ အချိန်တိုလေးအတွင်း ကူးတို့လှေလေးများဖြင့် တက်ကြဆင်းကြရ၏။

"ဟော ... ဟိုမှာသင်္ဘောလာနေပြီ၊ လာနေပြီ၊ အရှူးကြီးကမ်းထောင်းဘက်က သင်္ဘောထွက်လာပြီဟေ့"

"ဟေး ဟေး ဟေး"

မျှော်လင့်နေသောအရာပေါ်လာခဲ့ပြီမို့ ခရီးသည်များ ဝမ်းသာအားရအော်လိုက်ကြသည်။ သင်္ဘောကား ညအမှောင်ထုကို ထိုးဖောက်ကာ မီးရောင်တထိန်ထိန်ဖြင့် ကမ်းထောင်းကြီးဆိပ်သို့ ဝင်လာချေပြီ။

"မထွက်ကြနဲ့ဦး၊ မထွက်ကြနဲ့ဦး သင်္ဘောအရှိန်မလျှော့သေးဘူး"

ခရီးသည်တစ်ဦးက သတိပေးလိုက်ခြင်းဖြစ်သည်။ ကူးတို့လှေအသီးသီးမှာ တာထွက်ကြမည့် အပြေးသမားများနယ် နေရာယူပြီး အသင့်ဖြစ်နေကြပေပြီ။

"ဟာ မာမူကြီး ဘာလို့ထွက်တာတုံး၊ မထွက်နဲ့ဦး"

မည်သူမျှမထွက်မီပင် ကျွန်တော်တို့ ကူးတို့သည် ဦးဘစိန် အလျင်စလိုလှော်ထွက်လိုက်ရာ ကျွန်တော်က အလန့်တကြား အော်ဟစ်တားမြစ်လိုက်ခြင်းဖြစ်ပေသည်။

"ဦးဘစိန် မထွက်နဲ့ဦး၊ မထွက်နဲ့ဦး"

ကျွန်တော်တို့လှေပေါ်ပါ ဦးလှညိုကပါ တားမြစ်လိုက်ပြန်သည်။ သင်္ဘောမှာ စက်ရှိန်လျှော့ထားသော်လည်း လုံးလုံးကားမရပ်သေး။ ကျွန်တော်တို့လှေ သင်္ဘောအောက်သို့ ရောက်သွားခဲ့ချေပြီ။ ကူးတို့သည် သင်္ဘောရှေ့မှဖြတ်ကာ မြစ်လယ်ကြောဘက်သို့ လှော်ထွက်လိုက်သည်။ ကူးတို့သည် ဦးဘစိန်မှာ သင်္ဘောမှဆင်းကြမည့် ခရီးသည်များကို အဦးအဖျားရရန်အတွက် ကြံစည်လိုက်ခြင်းပဲဖြစ်ဟန်တူသည်။

"ဟာ ဦးဘစိန် ဘယ်လိုလုပ်လိုက်တာတုံး"

"နာတိဒယ်"

ကူးတို့သည် ဦးဘစိန်နှုတ်ဖျားမှ မပီကလာထွက်လာသောစကားသံ။

"ဒိုင်း ဝေါ ဝေါ ဝေါ ဝူး ဝူး ဝူး"

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။ ကျွန်တော်တို့လှေလေးကို သင်္ဘောတိုက်သွားခဲ့လေပြီ။ လှေလေးမှာ ခါးပိုင်းကျိုးပြီး နစ်မြုပ်သွားခဲ့ပါလေပြီကော။

"ဟာ ဟိုမှာ သရက်တောင်လှေမြုပ်သွားပြီဟေ့"

ဒီအသံများက ကူးတို့လှေများဆီက အကျယ်လောင်ဆုံး ပေါ်ထွက်သွားကြသည်။

"လူတွေ ဘယ်လိုနေကြလဲမသိဘူး၊ ကုလားကြီးတော့ ကူးတို့လှေတစ်စင်းကို ရသွားတယ်။ အလယ်ကထိုင်ပါသွားတဲ့ လူကြီးလည်း သင်္ဘောကျောက်ဆူးမှာ ဟီးလေးခိုပြီး မြင်လိုက်တယ်။ လှေဦးပိုင်းကထိုင်ပါသွားတဲ့ကောင်လေးတော့ မမြင်လိုက်မိဘူး။ ဒုက္ခပါပဲ သင်္ဘောပန်ကာနဲ့များ ထိသွားပြီလားမသိဘူး"

ပြောကြဆိုကြ၊ တက်ကြဆင်းကြ၊ ဝန်စည်စလယ်များသယ်ကြ၊ ချကြနှင့် ပွက်လောညံနေပေတော့သည်။ သင်္ဘောစက်သံမှာကား တဒိန်းဒိန်းနှင့် ဆူညံမြဲဆူညံနေပေသည်။

"ဒီကောင်လေးမှာ အမေမရှိတော့ဘူး၊ အဖေကလည်း အိမ်ထောင်ပျက်၊ စီးပွားပျက်တာနဲ့ ရွာကထွက်သွားတာကြာပြီဆိုပဲ၊ ဒီကောင်လေးက သူတို့ရွာမှာ ကျောင်းဆရာလည်းဝင်လုပ်တယ်။ နွေကျောင်းပိတ်ချိန်တွေဆို အရောင်းအဝယ်လည်းလုပ်တယ်ပြောတယ်"

"ဟုတ်တယ် ဟုတ်တယ် ဟိုတစ်လောကတောင် တို့ရွာရောက်လာလို့ ငွေထည်ငွေစတွေ၊ ဆံထိုးခေါင်းကလေးတွေ ကောက်ဝယ်သွားသေးတယ်၊ သနားကမားလေးပါပဲ"

ကျွန်တော်ဆိုသည့် သံမယ်နကလေး၏ ဇာတ်ဝင်ခန်းတွေပေတည်း။

● ● ● ● ● ● ●

"ဒိုင်း ဝေါ ဝေါ ဝေါ ဝူး"

ကျွန်တော်၏ ခန္ဓာကိုယ်တစ်ခုလုံးအေးစက်သောမြစ်ရေထဲသို့ နစ်ဝင်သွားခဲ့ပေပြီ။ လှေလေးကို သင်္ဘောတိုက်လိုက်ပြီဟု သိလိုက်ရသည့်တဒင်္ဂမှာ ကျွန်တော့်စိတ်အစဉ် ဆောက်တည်ရာမရတော့။ မြစ်ရေပြင်က အေးစက်ပေမယ့် နှလုံးသားပူလောင်မှုက အမြင့်ဆုံးဒီဂရီသို့ မြင့်တက်နေခဲ့ပေပြီ။

လှုပ်ရှားရုန်းကန်နေရာမှ မျက်စိကို အားယူကြည့်လိုက်ရာ မိမိအိပ်ရာလိပ်ထုပ်လေးမှာ မနီးမဝေးတွင် ပေါလောမျောနေသည်ကို လှမ်းမြင်လိုက်ရသည်။ "ဒီအိပ်ရာထုပ်လေးဟာ ဘဝအတွက် သေရေးရှင်ရေးပဲ။ ဒီဟာလေးကို လက်လွှတ်ဆုံးရှုံးလိုက်ရရင် ငါသေသွားတာနဲ့ ဘာများထူးသေးလို့လဲ" မိမိမှာစုထားသည့် ငွေအရင်းအနှီးအပြင် ဆွေမျိုးတွေဆီကထုတ်ပေးထားကြသည့် ငွေအရင်းအနှီးတွေပါ ဒီအိပ်ရာလိပ်လေးထဲမှာ။ ဒီထဲမှာ ရွာစဉ်လျှောက်ပြီးဝယ်လာခဲ့သည့် ငွေထည်ငွေစများ၊ ဆံထိုးခေါင်းကလေးများကို စုထည့်ယူလာခဲ့သည်။ ဒီတော့ ဒီအိပ်ရာလိပ်လေးသည် ကျွန်တော်၏ ရတနာထုပ်။ နှမြောစိတ်နှင့်လောဘစိတ်သည် ကျွန်တော့်ထိပ်ပေါ်ရောက်နေပေပြီ။

ကျွန်တော်အတင်းကူးခပ်ပြီး အိပ်ရာလိပ်လေးကို ကမန်းကတန်းလှမ်းဆွဲလိုက်သည်။ အိပ်ရာလိပ်မှာ ရေအောက်သို့ သုံးပုံနှစ်ပုံခန့် နစ်ဝင်နေခဲ့ပေပြီ။ ဆွဲမရ။ တော်တော်လေးနေသည်။ တော်ကြာ လုံးဝဥဿုံမြုပ်သွားပေရော့မည်။ ကျွန်တော် အားစိုက်ပြီးဆွဲလိုက်ပြန်သည်။ အိပ်ရာလိပ်မှာ ပိတ်စအကြမ်းသားဖြစ်နေသည်ကတစ်ကြောင်း၊ အထဲမှာ ခေါင်းအုံး၊ စောင်တို့ပါ ရေစိုကြီးဖြစ်နေသည့်အပြင် အတွင်းပစ္စည်းများမှာ အလေးချိန်စီးသော ကုန်ကျစ်ဖြစ်နေသည်ကတစ်ကြောင်းတို့ကြောင့် ရေအောက်သို့ တဖြည်းဖြည်းနစ်ဝင်သွားနေသည်။ ရေပေါ်တွင် လက်ကိုင်ကွင်းလေးတစ်ခုသာ ပေါ်နေပေတော့သည်။ ကျွန်တော် ဘယ်ဘက်လက်ကို အိပ်ရာလိပ်လက်ကိုင်ကွင်းထဲသို့ ထိုးသွင်းပြီး လက်မောင်းရင်းထိရောက်စေခဲ့လိုက်သည်။ သေရင်လည်း ဒီအိပ်ရာလိပ်နှင့်အတူ သေပလေ့စေဟု နှလုံးပိုက်ထားလိုက်သည်။ **ဆက်လက်ဖော်ပြပါမည်။**

**"သင်္ဘောမှာ စက်ရှိန်လျှော့ထားသော်လည်း လုံးလုံးကားမရပ်သေး။ ကျွန်တော်တို့လှေ သင်္ဘောအောက်သို့ ရောက်သွားခဲ့ချေပြီ။ ကူးတို့သည် သင်္ဘောရှေ့မှဖြတ်ကာ မြစ်လယ်ကြောဘက်သို့ လှော်ထွက်လိုက်သည်။ ကူးတို့သည် ဦးဘစိန်မှာ သင်္ဘောမှဆင်းကြမည့်ခရီးသည်များကို အဦးအဖျားရရန်အတွက် ကြံစည်လိုက်ခြင်းပဲဖြစ်ဟန်တူသည်. . ."**

## နတ်မောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

နတ်မောက် အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ဆေးရောင်ခြယ်ပြိုင်ပွဲကို အောက်တိုဘာလ ၃၀ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကလေးငယ်များ အသိပညာဗဟုသုတများတိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေရန်၊ အနုပညာကို တန်ဖိုးထားတတ်စေရန်နှင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)ရှိ ကျောင်းသား၊



ကျောင်းသူများကို ဆေးရောင်များ၏ သဘာဝတရားနှင့် အရောင်စပ်ပုံ အကြောင်းများသိရှိစေရန်၊ သဘာဝပတ်ဝန်းကျင်အရောင်အသွေးအပေါ် စူးစမ်းလေ့လာနိုင်စွမ်းမြင့်မားလာစေရန် ရည်ရွယ်၍ ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

လှဝင်း(ပြန်/ဆက်)

## နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန်ဖိတ်ခေါ်ထား

ရန်ကုန် အောက်တိုဘာ ၃၁

ဗီယက်နမ်နိုင်ငံ ထိုင်ဘင်မြို့၌ နိုင်ငံတကာ စိုက်ပျိုးရေးကုန်စည်ပြပွဲ (International Agricultural Trade Fair 2024) ကို နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါ နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲ ဖြစ်မြောက်ရေးအတွက် ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုင်ဘင်ပြည်သူ့ကော်မတီတို့ပူးပေါင်းစီစဉ်လျက်ရှိပြီး မြန်မာနိုင်ငံမှ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းရှင်များကိုလည်း ပါဝင်ပြသရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်ပစ္စည်းများကို အဆိုပါပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ထုတ်ကုန်နှင့်အမှတ်တံဆိပ်များကို မိတ်ဆက်နိုင်ခြင်း၊ မိတ်ဖက်လုပ်ငန်းရှင်များကို ရှာဖွေနိုင်ခြင်း စသည့် အခွင့်အရေးများရရှိနိုင်ကြောင်း သိရသည်။

နိုင်ငံတကာ စိုက်ပျိုးရေးကုန်စည်ပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း- ၀၆၇-၄၀၈၆၂၂ နှင့် အီးမေးလ် - event.td.myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဆောင်းဦး

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အဆင့်မြင့်ပညာ(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံဂျက် "ရှစ်စုံရွက်ကြာ"(ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခြူးရတနာစိမ့် "ရေယမုန်" (ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀) (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မခင်လင်းလဲ့သူ "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ (အမျိုးသား) ပလွေပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောငြိမ်းဇော်မင်း"ကျွန်းကျွန်း ပိုင်သ"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀)(အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မနေနီနီနိုင် "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀)(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုး "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။





ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ မနှင်းနှင်းဝေ "သီတာရတနာ" (ကာလပေါ်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ) မောင်မင်းခေတ် “ညင်းညင်း” (မွန်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



မဟာဂီတ အခြေခံပညာ(၁၅-၂၀) (အမျိုးသား)အဆိုပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် “ဆီးနှင်းပြိုက်ကျ” (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀) (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်ဝါဖူးပွင့်အောင် “မှန်ရဝေ” (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မနန်းသူဇာ “ပန်းဟေဝန်” (ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား) နှဲပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် “မှိုင်းရိပ်ကယ်တည့်” (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဘိုဘို(၁) “မြမန်းဂီရိ” (ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မနန္ဒာအေး “ဇမ္ဗူကျွန်းလုံး” (သီချင်းခံ) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# ရုရှား-မြန်မာစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Aleksei SHUPLOV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ စီးပွားရေးကောင်စီ(Russian-Myanmar Business Council-RMBC)ဥက္ကဋ္ဌ Mr. Aleksei SHUPLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအလားအလာများနှင့် လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံနယ်ပယ်စုံတွင် စီးပွားရေးလုပ်ငန်းများအချင်းချင်း တိုက်ရိုက်အဆက်အသွယ်များထူထောင်ရေးနှင့် မြန်မာနိုင်ငံတွင် ရုရှား-မြန်မာစီးပွားရေးကောင်စီ၏ မိတ်ဖက်အဖွဲ့အစည်း ဖွဲ့စည်းရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှည်းကူးခရိုင် ဦးစီးမှူးရုံး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒုတိယဝန်ကြီး ဦးဌေးလှိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၃၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့်တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှည်းကူးခရိုင် ဦးစီးမှူးရုံးသို့ ရောက်ရှိကြပြီး ခရိုင်ဦးစီးမှူးရုံး၌ e-ID စနစ်ဖြင့် Biographic Data နှင့် Biometric Data များ ကောက်ယူ၍ Unique ID နံပါတ် ထုတ်ပေးနေမှု၊ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနေမှုနှင့် မှတ်တမ်းခန်း၌ ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လှည်းကူးခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးတို့မှဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ်တာဝန်ရှိသူများက လှည်းကူးခရိုင်အတွင်းရှိ ဝန်ထမ်းအင်အားစာရင်း၊ ပန်းခင်းစီမံချက်များ ဆောင်ရွက်ပြီးစီးမှု၊ e-ID Server တွင် ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ဆက်လက်ကောက်ယူဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံတော်အတွက် လက်ရှိဦးစားပေးလုပ်ငန်းများဖြစ်သည့် နောင်ကျင်းပမည့်ရွေးကောက်ပွဲများနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဥပဒေနှင့်အညီထုတ်ပေးခြင်း၊ e -ID စနစ်အတွက် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်း၊ မဲစာရင်းတိကျမှန်ကန်စွာ ပြုစုနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း စသည့်လုပ်ငန်းများကို ဒေသအာဏာပိုင်များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကောက်ယူရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို နှိုင်းယှဉ်သုံးသပ်အတည်ပြုကာ တိကျမှန်ကန်သည့်မဲစာရင်းပြုစုဆောင်ရွက်သွားမည့်အခြေအနေ၊ ဌာန၏ လုပ်ငန်းဆောင်ရွက်မှုအားလုံးကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တီထွင်မှု မူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်း အခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

တီထွင်မှုမူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယနေ့ခေတ်သည် နည်းပညာများနှင့်ယှဉ်ပြိုင်မှုများ အရှိန်အဟုန်ဖြင့်တိုးတက်လာမှုနှင့် အတူ ကမ္ဘာလုံးဆိုင်ရာဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးလာမှုကြောင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် ကဏ္ဍအသီးသီးတွင် ပိုမိုအရေးပါလာကြောင်း၊ မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေမည်ဖြစ်ကြောင်း။

တီထွင်မှု မူပိုင်ခွင့်ဥပဒေသည် ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်တွင်အာဏာတည်ခဲ့ပြီး ယနေ့တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ တီထွင်မှုလျှောက်ထားချက်များကို တရားဝင်စတင်လက်ခံပြီဖြစ်ရာ မူပိုင်ခွင့်ဥပဒေလေးခုလုံးကို ပြည့်ဝစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တီထွင်မှုများကို အကာအကွယ်ပေးလာနိုင်ခြင်းအားဖြင့် နည်းပညာလွှဲပြောင်းရေးကိုမြှင့်တင်နိုင်ခြင်း၊ တီထွင်ဆန်းသစ်မှုများတိုးမြှင့်နိုင်ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ ဝင်ငွေရရှိမှုတိုးတက်နိုင်ခြင်း၊ နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည့်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တီထွင်မှုမူပိုင်ခွင့်ဥပဒေကို အာဏာသက်ဝင်ခြင်းနှင့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းခြင်းများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဝင်များက in person တက်ရောက်ကြပြီး မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်သက်ဆိုင်ရာအသင်းများမှ တာဝန်ရှိသူများ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုအထောက်အကူပြုစင်တာများမှ ကိုယ်စားလှယ်များနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်များမှ အရာထမ်း ကိုယ်စားလှယ်များက Virtual စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

(မဝ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၁၁-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၂။ | ၇:၄၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ |
| ၄။ | ၁၂:၁၅ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၅။ | ၁၈:၁၅ | အတွေးအမြင် |
| ၆။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၇။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| | | **အပွမာဒစည်း** |
| | | **သရုပ်ဆောင် ဟိန်းကိုကိုကျော်၊ သဥ္ဇာမြင့်မိုရ်** |
| | | **ဒါရိုက်တာ ဟန်စိုး(မြစ်ကျိုး)** |

# ကမ္ဘာ့ကျန်းမာရေးမြင်ကွင်းကျယ် (လူနာဘေးကင်းလုံခြုံမှု)

> **"ကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် လူနာ၏ ဘေးအန္တရာယ် (Risk) ကို လျှော့ချနိုင်ရန်လိုအပ်သကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများကို စွမ်းဆောင်ရည်မြှင့်တင်ရာတွင်လည်း လူနာဘေးကင်းရေး၏အကျိုးသက်ရောက်မှုကို အသိအမှတ်ပြုရန်အရေးကြီးသည်။ ဘေးကင်းသော ဝန်ဆောင်မှုများပေးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ရပ်ရွာလူထု၏ယုံကြည်မှုရရှိရန် အထောက်အပံ့ဖြစ်စေသည် . . ."**

ကျန်းမာစွာ သက်တမ်းစေ့နေထိုင်နိုင်ခြင်းသည် လူတိုင်းအတွက် ပဓာနကျသောလိုအပ်ချက်ဖြစ်သည်။ အခြေအနေအမျိုးမျိုးကြောင့် ရောဂါများဖြစ်ပွားလာပါကလည်း လိုအပ်သည့် ရောဂါရှာဖွေမှုများနှင့် ကုသမှုများကို စနစ်တကျခံယူခြင်းအားဖြင့် ပျောက်ကင်းသက်သာရခြင်း၊ ပိုမိုဆိုးရွားသည့်အခြေအနေသို့မရောက်အောင် ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။ ထိုသို့သောအကျိုးကျေးဇူးများရရှိနိုင်ရန် အရေးကြီးသည်မှာ လူနာဘေးကင်းလုံခြုံမှု (Patient Safety) ဆိုသော အကြောင်းအရာပင်ဖြစ်သည်။

"အန္တရာယ်မဖြစ်ရန် ပထမ" ဆိုသည့် စကားရပ်သည် ကျန်းမာရေးစောင့်ရှောက်မှုတွင် အခြေခံအကျဆုံးနိယာမဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုတစ်ခုကြောင့် မည်သူမျှ မထိခိုက်သင့်ပေ။ သို့သော် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လူနာများအတွက် အန္တရာယ်မဖြစ်ခင်က ရှောင်ရှားနိုင်ရန် ကြီးမားသောအခက်အခဲ အတားအဆီးများရှိနေကြောင်း သိရပါသည်။ ယေဘုယျအားဖြင့် ဤအခြေအနေများသည် လူသားဆန်မှု၊ ကိုယ်ကျင့်တရား၊ ကျင့်ဝတ်၊ ငွေကြေးဆိုင်ရာ အကြောင်းအချက်များနှင့် သက်ဆိုင်နေသည်။

### ရရှိသင့်သည့်အခွင့်အရေး

ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုသည် လူနာအားလုံးအတွက် အချိန်တိုင်း၊ နေရာတိုင်း ခြွင်းချက်မရှိ ရရှိသင့်သည့် အခြေခံအခွင့်အရေးဖြစ်သည်။ သို့သော် လုံခြုံစိတ်ချရမှုမရှိသော ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကြောင့် လူနာထိခိုက်မှုသည် ကမ္ဘာတစ်ဝန်း သေဆုံးမှုနှင့်မသန်စွမ်းဖြစ်မှု၏ အကြောင်းရင်းများထဲမှ တစ်ခုဖြစ်နေပြီး နှစ်စဉ် သန်းနှင့်ချီသော လူနာများ ထိခိုက်နစ်နာလျက်ရှိသည်။

လူနာများဘေးကင်းရေးဆိုသည်မှာ "လူနာတစ်ဦးအား ကာကွယ်ပေးနိုင်သည့်အခြေအနေအတွင်း အန္တရာယ်မရှိစေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆက်စပ်နေသည့် မလိုလားအပ်သောအန္တရာယ်များကို အနည်းဆုံးအထိ လျှော့ချပေးနိုင်ခြင်းဖြစ်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပိုမိုကျယ်ပြန့်သောကျန်းမာရေးစနစ်တွင် လူနာဘေးအန္တရာယ်ကင်းရေးဆိုသည်မှာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအလေ့အထများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ အပြုအမူများ၊ နည်းပညာများနှင့် ဘေးအန္တရာယ်များကို တစ်သမတ်တည်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ လျှော့ချနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းစဉ်များအား တစ်စုတစ်စည်းတည်း စနစ်ကျစွာဖော်ဆောင်ခြင်းဖြင့် ရှောင်လွှဲ၍မရသော အန္တရာယ်ဖြစ်ပွားမှုကို လျှော့ချရန်၊ အမှားအယွင်းဖြစ်နိုင်ခြေနည်းပါးစေရန်နှင့် ဖြစ်ပေါ်လာသည့်အခါ ထိခိုက်မှုကို အနိမ့်ဆုံးအဆင့်ထိ လျှော့ချနိုင်ရန်ဖြစ်သည်။

### သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ရေး

လူနာဘေးကင်းမှု တိုးတက်ကောင်းမွန်လာစေရန် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်တိုင်းတွင် လူနာများနှင့် ၎င်းတို့၏ မိသားစုများ၊ ပြုစုစောင့်ရှောက်ပေးသူများ၏ တက်ကြွစွာထိတွေ့ဆက်ဆံမှု လိုအပ်သည့်အတွက် ကမ္ဘာလုံးဆိုင်ရာအသိပညာကို မြှင့်တင်ရန်လိုအပ်သည်။ မူဝါဒချမှတ်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် တခြားပါဝင်ပတ်သက်သူများသည် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူနာများ၊ လူနာမိသားစုများနှင့် ထိတွေ့ဆက်ဆံရန် အရေးကြီးသည်။ လူနာများနှင့် မိသားစုများအား ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် တက်ကြွစွာပါဝင်နိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် ဘေးကင်းမှု တိုးတက်ကောင်းမွန်လာစေရန် ပူးပေါင်းလုပ်ဆောင်ရေး တိုက်တွန်းရပါမည်။

ဘေးကင်းလုံခြုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် လူနာများနှင့် လူနာရှင်မိသားစုများ၏အပေါ်တွင်လည်း မူတည်နေသည်။ လူနာများနှင့် လူနာရှင်မိသားစုများသည် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်တိုင်းတွင် ပါဝင်သင့်သည်။ လူနာနှင့် လူနာရှင်မိသားစုအပေါ် ထိတွေ့ဆက်ဆံမှုသည် ပိုမိုဘေးကင်းသော ကျန်းမာရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကကျသည့် မဟာဗျူဟာဖြစ်သည်။ "လူနာအတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်" ဆိုသည်ထက် " လူနာနှင့်အတူပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးစနစ်" ဆီသို့ ပြောင်းလဲဆောင်ရွက်ရမည့် ခေတ်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။ စင်စစ်အားဖြင့် လူနာနှင့် လူနာရှင်မိသားစုဝင်များသည်လည်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အဓိက အသုံးပြုကြသူများပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် လူနာ၏အခြေအနေပေါ် အပြည့်အဝအသိပေးသဘောတူမှုနှင့်အတူ ဆုံးဖြတ်ချက်ချခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းအထိ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်တိုင်းတွင် ပါဝင်သင့်သည်။

### အားလုံးလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု Universal Health Coverage ၏ ခက်မ

ဘေးကင်းပြီး အရည်အသွေးမြင့်သော ကျန်းမာရေးဝန်ဆောင်မှုများပေးစဉ်အတွင်း လူနာများ၏ ဘေးကင်းရေးသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အားကောင်းလာစေရန်နှင့် SDGs ဟုခေါ်သော ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များအနက် အမှတ်စဉ် (၃) အရ အသက်အရွယ်မရွေး ထိရောက်သော Universal Health Coverage (UHC) သို့ တိုးတက်အောင်မြင်စေရန် လိုအပ်ချက်တစ်ခုဖြစ်သည်။

SDGs ၏ ရည်မှန်းချက်အမှတ် ၃ ဒသမ ၈ သည် "ဘဏ္ဍာရေးဆိုင်ရာအန္တရာယ်ကာကွယ်မှု၊ အရည်အသွေးပြည့်ဝသည့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများရယူခြင်းနှင့် ဘေးကင်းသော၊ ထိရောက်သော၊ အရည်အသွေးမီပြီး လူတိုင်းလက်လှမ်းမီနိုင်သော ဆေးဝါးများနှင့် ကာကွယ်ဆေးများ " အပါအဝင် UHC ကို ရရှိရန် အလေးထားခြင်းဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် လူနာ၏ ဘေးအန္တရာယ် (Risk) ကို လျှော့ချနိုင်ရန်လိုအပ်သကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများကို စွမ်းဆောင်ရည်မြှင့်တင်ရာတွင်လည်း လူနာဘေးကင်းရေး၏အကျိုးသက်ရောက်မှုကို အသိအမှတ်ပြုရန် အရေးကြီးသည်။ ဘေးကင်းသော ဝန်ဆောင်မှုများပေးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ရပ်ရွာလူထု၏ယုံကြည်မှုရရှိရန် အထောက်အပံ့ဖြစ်စေသည်။

ယနေ့ခေတ်ကမ္ဘာလုံးဆိုင်ရာအခြေအနေများအရ ပိုမိုရှုပ်ထွေးသော ပတ်ဝန်းကျင်များတွင် လုပ်ဆောင်နေရသော ကျန်းမာရေးစနစ်များနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကမ္ဘာ့အခင်းအကျင်းသည်လည်း ပြောင်းလဲလျက်ရှိသည်။ ကုသမှုအသစ်များ၊ နည်းပညာများနှင့် စောင့်ရှောက်မှုပုံစံအသစ်များသည် ကုထုံးဆိုင်ရာအလားအလာအသစ်များ ရှိနိုင်သော်လည်း တစ်ချိန်တည်းတွင် ဘေးကင်းသောစောင့်ရှောက်မှုအတွက် ခြိမ်းခြောက်မှုအသစ်များကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ လူနာဘေးကင်းရေးသည် ကျန်းမာရေးစောင့်ရှောက်မှု၏ အခြေခံနိယာမဖြစ်ပြီး ယခုအခါ ကြီးထွားလာနေသော ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစိန်ခေါ်မှုကြီးအဖြစ် အသိအမှတ်ပြုလာကြသည်။ လူနာဘေးအန္တရာယ်ဝန်ထုပ်ဝန်ပိုးကိုလျှော့ချရန် ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများရှိနေသည့်တိုင် လွန်ခဲ့သော ၁၅ နှစ်အတွင်း သိသိသာသာပြောင်းလဲနိုင်မှုမရှိခဲ့ပေ။

ရှင်းလင်းသောမူဝါဒများ၊ ဘေးကင်းလုံခြုံရေးတိုးတက်မှုများကို မောင်းနှင်ရန် ပဓာနကျသော အချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုကျွမ်းကျင်သူများနှင့် စောင့်ရှောက်မှုလုပ်ငန်းစဉ်တွင် လူနာများနှင့် လူနာရှင်မိသားစုများ၏ ထိရောက်စွာပါဝင်ပတ်သက်မှု စသည့် အားလုံးသောအချက်များသည် ကျန်းမာရေးစောင့်ရှောက်မှု၏ ဘေးကင်းမှုနှင့် ထင်ရှားသောတိုးတက်မှုများ ခိုင်မာသိသာစေရန် လိုအပ်သည်။

### လူနာများ၏အသံကို မြှင့်တင်ပါ

လူနာများဘေးကင်းရေးအတွက် လူနာများနှင့် ထိတွေ့ဆက်ဆံခြင်း ခေါင်းစဉ်အောက်တွင် လူနာများ၊ လူနာရှင်မိသားစုများနှင့် ပြုစုစောင့်ရှောက်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ဘေးကင်းရေးတွင် ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ လူနာများအား ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် လုပ်ဖော်ကိုင်ဖက်များအဖြစ် ဆက်ဆံခြင်းမှတစ်ဆင့် ဘေးကင်းမှု၊ လူနာစိတ်ကျေနပ်မှုနှင့် ကျန်းမာရေးရလဒ်ကောင်းများရရှိမှုစသည့် သိသာထင်ရှားသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ လူနာများသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်လာခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုလုံးအတွက် အထောက်အကူဖြစ်စေနိုင်သည်။

"လူနာများ၏အသံကို မြှင့်တင်ပါ" ဟူသောဆောင်ပုဒ်ဖြင့် လူနာများအား ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုခရီးတွင်ပါဝင်ရန်၊ မူဝါဒရေးဆွဲရာတွင်ပါဝင်ရန်၊ ဘေးကင်းရေးဗျူဟာများကို ပူးတွဲရေးဆွဲကာ တက်ကြွသောမိတ်ဖက်များအဖြစ် အသိအမှတ်ပြုရန်နှင့် လိုအပ်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တောင်းဆိုထားသည်။ ဘေးကင်းမှု၊ လူနာဗဟိုပြုမှု၊ ယုံကြည်စိတ်ချရမှုနှင့် သာတူညီမျှမှုတို့ကိုမြှင့်တင်ရန်၊ လူနာတို့၏အသံ၊ စိုးရိမ်မှုများ၊ မျှော်လင့်ချက်များနှင့် ဦးစားပေးမှုများကိုမြှင့်တင်ရန်အတွက် မတူကွဲပြားသောလူနာများ၊ လူနာရှင်မိသားစုများနှင့် အသိုင်းအဝိုင်းများတွင် ယုံကြည်မှုတည်ဆောက်ကာ အခွင့်အလမ်းများကို ပံ့ပိုးပေးခြင်းဖြင့် အောင်မြင်နိုင်ပါမည်။

လူနာဘေးကင်းမှုသည် ဆေးကုသမှုတွင် လူနာအတွက်ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်များကို လျှော့ချပေးနိုင်သည့် တစ်သမတ်တည်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ အပြုအမူများ၊ နည်းပညာများ၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်များကို ဖန်တီးပေးသည့် စည်းရုံးလှုပ်ရှားမှု မူဘောင်တစ်ခုဖြစ်သည်။ အဆိုပါမူဘောင်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ တာဝန်ခံများ၊ လူနာများနှင့် လူနာရှင်များက ဟန်ချက်ညီ စနစ်တကျနားလည်မှုရှိရှိ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းအားဖြင့် ဆေးကုသမှုလုပ်ငန်းစဉ်များတွင် လူနာများ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချနိုင်မည်ဖြစ်ကာ လူနာဘေးကင်းလုံခြုံမှု ထိရောက်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ဒေါက်တာဇေယျာဝင်း**

---

## ဘားအံမြို့နယ်၌ ရသဝေါအင်းကန်ပတ်လမ်း အပိုင်း(၁) ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဘားအံ အောက်တိုဘာ ၃၁

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုငွေဖြင့် ရသဝေါအင်းကန်ပတ်လမ်း အပိုင်း (၁) ဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာလ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရသဝေါအင်းကန်ပတ်လမ်း အပိုင်း(၁) ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘားအံမြို့နယ်၌ ရသဝေါအင်းကန်ပတ်လမ်း အပိုင်း(၁) အရှည် ၇ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၂ ပေရှိ ဂဝံမြေခင်းခြင်း လုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုငွေ ငွေကျပ် ၁၃၉ ဒသမ ၉ သန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ မေလ ၂ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊**
**ပညာရေးဝန်ကြီးဌာန**

## မူခင်းအသိပညာပေးဟောပြောပွဲကျင်းပ

တောင်ကြီး အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စိန်ပန်းရပ်ကွက် အနောက်မြို့ပတ်လမ်းရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ဦးဆောင်၍ မူခင်းအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၂၅)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ဇော်လွင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တောင်ကြီးမြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်မိုးနိုင်က မူခင်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း အသီးသီးဆွေးနွေး ဟောပြောကြသည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကြီးမြို့နယ် ဖာမွန်းကျေးရွာအုပ်စု ပန်သခွားကျေးရွာရှိအခြေခံပညာအထက်တန်းကျောင်း(ပန်သခွား)၌ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှဦးဆောင်၍ မူခင်းအသိပညာပေးဟောပြောပွဲကျင်းပရာ ဟောပြောပွဲတွင် အမှတ်(၁၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်သန့်ဇော်ထွန်းက လူကုန်ကူးမှုအန္တရာယ်အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရှမ်းတောင်)မှ ဒုတိယရဲအုပ်ကျော်ဇင်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ တောင်ကြီးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်မိုးနိုင်က မူခင်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြသည်။

ယင်းနောက် ရဲတပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများကို မူခင်းကျဆင်းရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်း ခင်းကျင်းပြသထားသော မူခင်းကျဆင်းရေးအသိပညာပေး ဗွီနိုင်းဆိုင်းဘုတ်များ၊ မူခင်းအသိပညာပေး ရွှေ့လျားစာကြည့်တိုက်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

## သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ကြံခင်း အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများနှင့် သဘာဝသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများအားထိန်းသိမ်းရေးလုပ်ငန်းများကိုသိရှိနိုင်စေရန်အတွက် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၃၀ ရက် မွန်းလွဲပိုင်းတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်း(ချင်းမြောင်)ကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူထက်က အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန နယ်မြေ(၁)တာဝန်ခံ တောအုပ်ကြီးဦးမျိုးမင်းဇော်က သစ်တောများမှပေးစွမ်းသောအကျိုးကျေးဇူးများ၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ ပရိဂျက်တာဖြင့် ရှင်းလင်းဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာအချက်များနှင့်ပတ်သက်၍ အပြန်အလှန်မေးမြန်းဖြေကြားခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရပ်စောက်မြို့၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ


ရပ်စောက် အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်) ကျောင်းရှိ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သီတာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆုမွန်ထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိနှင့်အငြိမ်းစားကျောင်းဆရာမ ဒေါ်ကြည်ငွေးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကြပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်)မှ Grade–10၊ Grade–11 ကျောင်းသူများဖြစ်သည့် မနန်းယိင်းမိုယွမ်၊ မကလျာမေမောင်၊ မနှင်းလဲ့ဝင်း၊ မကျော့ဝတီဦးနှင့် မမွန်မွန်သန့်တို့က လူငယ်နှင့်စာရိတ္တ၊ စာရိတ္တကောင်းအောင်မည်သို့လိုက်နာရမည်၊ လူငယ်တွေစာရိတ္တကောင်းမှ စိတ်ဓာတ်ကောင်းမည်၊ လူငယ်နှင့်မူးယစ်ဆေး၊ မူးယစ်ဆေးဝါးဆိုသည်မှာ၊ မူးယစ်ဆေးကိုဘာကြောင့်သုံးစွဲကြသည်၊ မူးယစ်ဆေးဝါး၏ဆိုးကျိုး၊ မူးယစ်ဆေးဝါးကိုမည်သို့ရှောင်ရှားရမည်စသည့်ခေါင်းစဉ်များဖြင့် လူငယ်စကားဝိုင်းကို ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများအပေါ် ဖြည့်စွက်ဆွေးနွေးခြင်း၊ သိရှိလိုသည့် မေးခွန်းများမေးမြန်းကြကာ ဦးဆောင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသူများနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သဖင်(FM)အသံလွှင့်အစီအစဉ်

၁-၁၁-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

## ပန်းခဝဲထုံဟပ် လမြတ်ကထိန်ခါ

❖ မိုးအကုန် နှင်းမြူသန်း
ဆောင်းနိဒါန်း လှပန်းချီ။
"ကြတ္တိကာ" စန်းယှဉ်တပ်
နက္ခတ်ကြုံ ညီ။
မြကန်ရိပ် "ကြာငါးမည်"
တင့်ဝေစည် ထူးပေခြင်း။
စံပယ်လှိုင် နှင်းရည်ဆွတ်တဲ့
ဝါကျွတ် အခင်း။

❖ ဝါကျွတ်ချိန် သမယရဲ့
သာယာစွ သည်လခါ။
မြတ်ကထိန် အလှူပွဲများ
ခြိမ့်သဲပေစွာ။
သဒ္ဓါတရား ဝေဝေဖြာ
လှူဒါန်းရာ အံ့မခန်း။
အိုးစည်ဒိုးပတ်သံ ညံမစဲတယ်
ဆင်နွှဲ ခြိမ့်လွှမ်း။

❖ ဝါကျွတ်ခါ ကထိန်မြတ်
ပြည့်ဂုဏ်ဒြပ် ရေးထုံးလာ။
သာသနာတော် ဂုဏ်ဆင့်ကမ်း
ဝမ်းမြောက် ကြည်သာ။
တစ်နှစ်လုံး သည်တစ်လတာ
ရိုးရာစဉ်လာ ဆင်ယင်ကျင်း။
မြင့်မြတ်ဂုဏ် အလှူဒါနရယ်
ချမ်းမြရင်တွင်း။

❖ စေတနာသုံးတန် ပြဋ္ဌာန်းလို့
လှူဒါန်းကြ အလှူတော်။
အလှူ့ရှင် အလှူ့အမများလည်း
အားရရွှင်ပျော်။
ကျွေးမွေးမှု အလျှံပယ်နော်
သာဓုခေါ်သံ ပွဲတင်ခွင်း။
သဒ္ဓါညွတ်စွာ
ဝါကျွတ်ခါ မြန်မာဓလေ့နဲ့
ချစ်စရာ မြန်မာငွေ့တို့ရယ်
ချမ်းမြေ့သာ ထူးတင့်လျှမ်းပါဘိ
ပန်းခဝဲမြိုင် နှင်းမှုန်အဆွတ်မှာ
(ကွယ်)
ထုံဟပ် ကြိုင်သင်း။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

# ငဖဲမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ငဖဲ အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၃၁ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးကျော်စိုးက အဂတိတရားလေးပါးအကြောင်း၊ ဌာနဆိုင်ရာများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုကင်းရှင်းစွာ လုပ်ငန်းများ ဆောင်ရွက်ကြရန် အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လေးလှိုင်က မိမိရပိုင်ခွင့်ကိုကျော်လွန်ပြီး တောင်းခံပါက အဂတိလိုက်စားမှုမြောက်ကြောင်း၊ မိမိ၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး တံစိုးလက်ဆောင်များရယူခြင်း မပြုလုပ်ကြရန် ဆွေးနွေးပြောကြားသည်။ ယင်းနောက် မြို့နယ်ဥပဒေအရာရှိ ဦးမျိုးကိုကိုဟိန်းက နိုင်ငံတကာအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ အဂတိလိုက်စားမှုအမျိုးအစားများ၊ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်လာသည့် နစ်နာမှုများ၊ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်သည့် ဘေးအန္တရာယ်များနှင့် အဂတိလိုက်စားမှုဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ငဖဲမြို့နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးကျော်စိုးနှင့် အဖွဲ့ဝင်များက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။



မယု(ငဖဲ)

# လှိုင်းဘွဲ့မြို့နယ် တောင်သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး


လှိုင်းဘွဲ့ အောက်တိုဘာ ၃၁

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေးခြင်းကို အောက်တိုဘာလ ၃၁ ရက်တွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၅၀၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဘိုဘို




# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း အောက်တိုဘာ ၃၁

ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရန် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယားတောင်ကျေးရွာအုပ်စု တောင်ခြေကျေးရွာ၌ စာကြည့်တိုက် ဆောက်လုပ်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေကို အောက်တိုဘာလ ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများသည် လယ်ယားတောင်ကျေးရွာအုပ်စု တောင်ခြေကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ပရိဘောဂ၊ စာအုပ်၊ စာစောင်များ တစ်ပါတည်းဖြည့်ဆည်းထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်မှာ အုတ်ညှပ် တစ်ထပ် အဆောက်အအုံဖြစ်ပြီး၊ လက်ရှိတွင် ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# ကျိုက်လတ်မြို့နယ်မှထွက်ရှိသော သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ

ကျိုက်လတ် အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှထွက်ရှိသော သခွားသီးများ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်၌ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဖြူဖြူဝင်း၏ပြောဆိုချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသော သခွားသီးများကို ကုန်စိမ်းဈေးကွက်တွင် အောက်တိုဘာလ ပထမပတ်မှစ၍ လက်ရှိအချိန်ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သခွားသီးအလုံး ၂၅၀၀၀ မှ ၄၀၀၀၀ အထိ ဝယ်လိုအားကောင်းလာကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက်သခွားသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတယ်။ လက်ရှိ တစ်ရက်ကို သခွားသီးအလုံး ၂၅၀၀၀ ကနေ ၄၀၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ သခွားသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်။ အခုလို ဒေသထွက်ကုန်သခွားသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ ပိုပြီးအဆင်ပြေလာပါတယ်" ဟု ဒေါ်ဖြူဖြူဝင်းက ပြောသည်။

လက်ရှိတွင် ကျိုက်လတ်မြို့နယ်၌ သခွားသီးအပါအဝင် ရာသီပေါ်ဟင်းသီးဟင်းရွက်များ ထွက်ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါသခွားသီးများ ဝယ်လိုအားကောင်းလာပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

သုတကျော်

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၃၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Jan Miskoc တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၄-၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ဝန်ကြီးဌာနများက တင်ပြလာသည့်ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း အမှာစာများကို အတည်ပြု ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြသည့် အမှာစာများတွင် စက်မှုစတုတ္ထမျိုးဆက်ဖြစ်သည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးနှင့်ပတ်သက်သည့်ဆက်စပ်ပစ္စည်းများ ပါဝင်လာသဖြင့် နိုင်ငံတော်အတွက် အကျိုးရှိထိရောက်စေရန် စိစစ်စစ်ဆေးနိုင်ရေးအတွက် ကော်မတီဝင်များပါ လုပ်ထုံးလုပ်နည်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနများက တင်ပြသည့် အမှုတွဲလေးစောင်ကို သက်ဆိုင်ရာ ကော်မတီဝင်နှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)မှ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ ခြေတုလက်တုထုတ်လုပ်တပ်ဆင်ရေးအလုပ်ရုံများနှင့် ပြန်လည်သန်စွမ်းရေးဌာနများအား နည်းပညာပိုင်းဆိုင်ရာအကူအညီပေးရေး၊ သင်တန်းပို့ချရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ICRC မှ ကိုယ်စားလှယ်များတက်ရောက်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၁ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ထူးခြားသည့်နေ့အပူချိန်များ

၃၁-၁၀-၂၀၂၄

| | | | | |
|---|---|---|---|---|
| ကျောက်ဆည်(လွန်ကျော်) | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| သာစည်(လှိုင်းတက်) | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

မှတ်စု

# မင်္ဂလာဓလေ့ စဉ်အောက်မေ့ ကြည်နူးချမ်းမြေ့ “ဒီပါဝလီ”နေ့

ပြည်စိုးညိမ်း



စာရေးသူတို့နိုင်ငံဟာ ပန်းမျိုးစုံအရောင်အသွေး စုံစုံလင်လင်နဲ့ တင့်တင့်တယ်တယ်ဖူးပွင့်နေတဲ့ ဥယျာဉ်ကြီးတစ်ခုနဲ့ အလားတူပါတယ်။ မတူကွဲပြားတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံတစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဥမကွဲသိုက်မပျက်အစဉ်အဆက် နေထိုင်လာခဲ့ကြတာ ယနေ့ထိတိုင်ပဲဖြစ်ပါတယ်။

လူမျိုးစုအသီးသီးတို့ရဲ့ ထုံးဓလေ့အစဉ်အလာတွေနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကလည်း ပေါကြွယ်လှပါတယ်။ သို့ပင်ဖြစ်လင့်ကစား လူမျိုးစုအချင်းချင်းကြားမှာ အမျက်အငြိုးမရှိကြဘဲ ချစ်ကြည်ရင်းနှီးမှုနဲ့ နွေးထွေးပေါင်းစည်းခဲ့ကြတာဖြစ်ပါတယ်။ သမနိရှည်ကြာလှပြီဖြစ်တဲ့ သမိုင်းကြောင်းကာလတစ်လျှောက် တစ်ဦးကိုတစ်ဦး အပြန်အလှန်လေးစားတန်ဖိုးထားမှုတွေနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း တရုတ်နှစ်သစ်ကူးနေ့၊ ခရစ္စမတ်နေ့တွေကို အစိုးရရုံးပိတ်ရက်အဖြစ်သတ်မှတ်ပြီး အခမ်းအနားတွေကို တက်ရောက်ချီးမြှင့်လေ့ရှိပါတယ်။

ဒီကနေ့ကတော့ ဟိန္ဒူဘာသာဝင်တို့ရဲ့ အထွတ်အမြတ်ထားရာ ရိုးရာပွဲတော်တစ်ခုဖြစ်တဲ့ ဒီပါဝလီနေ့ဖြစ်ပါတယ်။ ဟိန္ဒူဘာသာဝင်တို့ရဲ့ပွဲတော်တွေထဲမှာ အကျော်ကြားဆုံးပွဲတော်တစ်ခုပါပဲ။ နှစ်စဉ်နှစ်တိုင်းဆောင်းဦးရာသီရောက်ရင် ဒီပါဝလီပွဲတော်ကို ဆင်နွှဲကြလေ့ရှိပါတယ်။ ဒီပါဝလီနေ့ကို နိုင်ငံအတော်များများမှာ တရားဝင် အစိုးရရုံးပိတ်ရက်အဖြစ်သတ်မှတ်ထားသလို စာရေးသူတို့နိုင်ငံမှာလည်း ရုံးပိတ်ရက်အဖြစ် တရားဝင်အသိအမှတ်ပြုထားတဲ့ရက်တစ်ရက်ဖြစ်ပါတယ်။

တချို့နိုင်ငံများမှာ ဒေဝါလီနေ့ (Diwali) လို့သုံးကြသလို တချို့နိုင်ငံတွေကတော့ ဒီပါဝလီနေ့ (Deepavali) လို့သုံးကြပါတယ်။ အိန္ဒိယနိုင်ငံတောင်ပိုင်းနဲ့ မြောက်ပိုင်းတို့ရဲ့ အနည်းငယ်ကွဲလွဲတဲ့ အခေါ်အဝေါ်ဖြစ်ပေမယ့် တူညီတဲ့အဓိပ္ပာယ်ကတော့ ဟိန္ဒူဘာသာဝင်တို့ရဲ့ မီးထွန်းပွဲတော်တစ်ခုပဲဖြစ်ပါတယ်။

ဒီပါဝလီပွဲတော်ဖြစ်ပေါ်လာပုံ အခြေခံအကြောင်းရင်းများကို စာဖတ်သူမိတ်ဆွေများထံ အကျဉ်းမျှတင်ပြပေးလိုပါတယ်။

ကာလီမယ်တော်ကြီးကို ပူဇော်တဲ့ပွဲ။ သီတင်းကျွတ်လကွယ်ညဟာ တစ်နှစ်တာလုံးမှာ အမှောင်ဆုံးညလို့ယူဆပြီး အဲဒီလို အမှောင်ဆုံးည၊ အမှောင်ဆုံးနေ့၊ အမှောင်ဆုံးအချိန်မှာ ကာလီမယ်တော်ကြီးကို ဆီမီးများနဲ့ ရှိခိုးပူဇော်ကြတာကိုအစွဲပြုပြီး မီးထွန်းပွဲတော် ဒီပါဝလီပွဲတော်ဖြစ်လာရတယ်လို့ဆိုကြပါတယ်။

လက်ချ်မီးမယ်တော်ကို ပူဇော်တဲ့ပွဲ။ မိမိအိမ်မှာ ဆီမီးတွေထိန်နေအောင်ပူဇော်ထားရင် လက်ချ်မီးမယ်တော်ကိုယ်တိုင် ကြွရောက်လာပြီး ကောင်းချီးမင်္ဂလာနဲ့ ချမ်းသာကြွယ်ဝမှုတွေပေးတယ်လို့ ယုံကြည်ကြတဲ့အတွက် မီးပူဇော်ကြတာဖြစ်ပါတယ်။

ရာမမင်းနဲ့သီတာဒေဝီကို ကြိုဆိုတဲ့ပွဲ။ နောက်ထပ်အယူအဆတစ်ခုကတော့ ရာဝဏ(ဒသဂီရိ)ကို အောင်နိုင်ပြီး ရာမမင်းနဲ့ သီတာဒေဝီတို့ အယုဒ္ဓယကိုပြန်လာတဲ့အခါ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဆီမီးထွန်းညှိပူဇော်ကြတာကို အစွဲပြုပြီး ဒီပါဝလီပွဲတော်ဖြစ်လာတယ်လို့ ဆိုကြပါတယ်။

ဒီပဆိုတာက မီးရဲ့အလင်းရောင်ဖြစ်ပြီး ဝလီဆိုတာက ထွန်းညှိခြင်းဖြစ်ပါတယ်။ ဒီပါဝလီဆိုတော့ ဆီမီးထွန်းညှိပူဇော်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ မီးပူဇော်ခြင်းအားဖြင့် အလင်းက အမှောင်ကိုခွင်းနိုင်လိုက်သလို အဆိုးအညံ့တွေရှိခဲ့ရင်လည်း ကောင်းမြတ်ခြင်းတွေရောက်လာပါစေ၊ လက်မှိုင်ချရတဲ့ အခြေအနေတွေရှိခဲ့ရင်လည်း မျှော်လင့်ချက်အားမာန်တွေ ရောက်ရှိလာပါစေဆိုတဲ့ အဓိပ္ပာယ်နဲ့ မီးပူဇော်ကြတာဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီပါဝလီညမှာ အိမ်မှာရှိတဲ့ ဝင်ပေါက်ထွက်ပေါက်တွေ၊ ပြတင်းပေါက်တွေနဲ့ အဆောက်အအုံတွေပတ်ပတ်လည်မှာ ဆီမီးထွန်းညှိပူဇော်ကြတာဖြစ်ပါတယ်။ ဒီပါဝလီညမရောက်ခင်မှာ ဘာသာဝင်တွေက အိမ်သန့်ရှင်းရေးပြုလုပ်တာတွေ၊ ကိုယ်လက်သန့်စင်တာတွေ ဆောင်ရွက်ကြပြီး ဒီပါဝလီညကို ကြိုဆိုကြပါတယ်။

အိန္ဒိယမှာဆိုရင် ဒီပါဝလီနေ့မှာ ငွေကြေးစာရင်းအဟောင်းတွေပိတ်ပြီး စာရင်းအသစ်ဖွင့်တဲ့နေ့အဖြစ် သတ်မှတ်ခံယူကြတယ်လို့တောင် သိရပါတယ်။ ကြွေးမြီရှိရင်လည်း ဒီပါဝလီနေ့မတိုင်ခင်မှာ စာရင်းရှင်းလင်းကြပြီး နောက်တစ်နေ့မှာ စာရင်းအသစ်ဖွင့်ကြတယ်လို့ဆိုပါတယ်။ စာရင်းအသစ်ဖွင့်တဲ့အခါမှာလည်း ဒီပါဝလီညကပူဇော်ပွဲမှာအသုံးပြုထားတဲ့ မင်အိုးအသစ်၊ ကလောင်အသစ်၊ စာအုပ်အသစ်တွေကို မင်္ဂလာရှိတဲ့ပစ္စည်းများအဖြစ် မှတ်ယူပြီး အသုံးပြုကြလေ့ရှိတယ်လို့ မှတ်သားရပါတယ်။

ဒီပါဝလီနေ့မှာ လုပ်ငန်းကိုင်ငန်းတွေနားထားတာမို့ တစ်နှစ်စာငွေကြေးတွေကို ပိုက်ဆံသေတ္တာထဲထည့်ပြီး ကုဝေရနတ်မင်းကြီးထံအပ်နှံလို့ စောင့်ရှောက်မှုခံယူကြပါတယ်။ ရွှေပြားငွေပြားတွေကို ဖြန့်ခင်းပြီး လက်ချ်မီးမယ်တော်အတွက် အခင်းအဖြစ် ပူဇော်ကြပါတယ်။ လက်ချ်မီးမယ်တော် အခင်းအဖြစ်ထိုင်သွားတဲ့ ရွှေငွေရတနာတွေဟာ မယ်တော်ရဲ့တန်ခိုးအာနိသင်ကြောင့် ဝတ်ဆင်သူ၊ ကိုင်တွယ်အသုံးပြုသူတွေကို ကျန်းမာချမ်းသာပြီး ဘေးအန္တရာယ်ကင်းစေတယ်လို့ ယူဆကြတာကြောင့်ဖြစ်ပါတယ်။

အရောင်းအဝယ်ပြုလုပ်ရာမှာ အသုံးပြုကြတဲ့ ချိန်ခွင်၊ ကတ္တား၊ ကိုက်တံ၊ ပေတံ၊ ပြည်တောင်း၊ တင်းတောင်း စတာတွေကိုလည်း ဆေးကြောသန့်စင်ပြီး တုလာဒေဝီကို ပင့်ဖိတ်ပူဇော်အပ်နှံကြပါတယ်။ အရောင်းအဝယ်ကောင်းပါစေကြောင်း၊ အလှူဒါနများစွာပြုနိုင်ပါစေကြောင်း ဆုတောင်းကြပါတယ်။ တစ်ညလုံး ဆီမီးများကို ထိန်ထိန်ညီးအောင် ထွန်းညှိထားကြပြီး ကျမ်းစာတွေ ရွတ်ဖတ်ပူဇော်နေကြတဲ့မြင်ကွင်းဟာဖြင့် အင်မတန်မှ စိတ်နှလုံးကြည်နူးဖွယ်ကောင်းလှပါတယ်။

ဒီပါဝလီနေ့ဟာ ဟိန္ဒူဘာသာဝင်တွေအတွက် အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ဖြစ်သလို အခြားဘာသာဝင်တွေအတွက်လည်း အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တဲ့အတွက် လောကီ၊ လောကုတ်နှစ်ဖြာသောအကျိုးအတွက် ကောင်းမြတ်တဲ့လုပ်ငန်းဆောင်တာတွေကို စိတ်လက်ချမ်းသာစွာနဲ့အေးအေးလူလူ ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ ဒီကနေ့မှာ ကျရောက်တဲ့ ဒီပါဝလီနေ့မှသည် ဟိန္ဒူဘာသာဝင်တို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံသားများအားလုံး ငြိမ်းချမ်းသာယာ၍ မင်္ဂလာရှိသောနေ့ရက်အပေါင်းကိုပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ။

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ထန်းတစ်ပင်လုံးလိုရာသုံး အပိုင်း(၁)

**ဒေါက်တာလပြည့်ခင်**



ထန်းပင်သည် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသ၏ ဇာတိပင်ရင်းဖြစ်ပြီး အာရှတိုက်၊ အာဖရိကတိုက်၊ အမေရိကတိုက်နှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများတွင် ထန်းနှင့် ထန်းအမျိုးတူအပင်များကို တွေ့နိုင်ပါသည်။ ထန်းပင်သည် မိုးရေချိန် လက်မ ၂၀ မှ ၄၀ အတွင်း ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုမျိုးကိုနှစ်သက်သည်။ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂါနာနိုင်ငံနှင့် အာဖရိကဒေသတို့ကဲ့သို့ ပူပြင်းသည့်နိုင်ငံများတွင် ထန်းပင်အများအပြားကို တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် ရေဝပ်ရာဒေသမှလွဲ၍ နေရာအနှံ့အပြားတွင် ပေါက်ရောက်နိုင်သော်လည်း မြေလတ်ဒေသနှင့် မြန်မာနိုင်ငံ အထက်ပိုင်းရှိ ပူပြင်းခြောက်သွေ့သောဒေသများတွင် အများဆုံး တွေ့ရလေ့ရှိသည်။ ထန်းပင်သည် အဓိကအားဖြင့် မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အလယ်ပိုင်းအညာဒေသများဖြစ်သည့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ မိတ္ထီလာ၊ မလှိုင်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ ရေစကြိုစသည့်မြို့နယ်တို့တွင် အများဆုံးပေါက်ရောက်သည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ထန်းပင်အနည်းအပါးကို တွေ့ရှိနိုင်လေသည်။

**ထန်းပင်မျိုးရင်းနှင့်မျိုးနွယ်များ**

ထန်းပင်သည် အလေ့ကျပေါက်လေ့ရှိသည့် အပင်အမျိုးအစား မဟုတ်သကဲ့သို့ သစ်ပင်မျိုးနွယ်စာရင်းတွင်လည်း မပါဝင်ပေ။ ထန်းပင်ကို ရုက္ခဗေဒအခေါ်အဝေါ်အားဖြင့် Palamaceae သို့မဟုတ် Palmy မျိုးရင်းတွင်ပါဝင်ပြီး အုန်းပင်၊ ဓနိပင်၊ ကွမ်းပင်၊ စလူပင်၊ စွန်ပလွံပင်၊ ဆပ်သွားဖူးပင်တို့နှင့်မျိုးရင်းတူပါသည်။ အဆိုပါ Palamaceae သို့မဟုတ် Palmy မျိုးရင်းတွင် ထန်းပင်အပြင် အခြားအပင်မျိုးရင်းပေါင်း ၁၅၀၀ ကျော်ပါဝင်ပါသည်။ ထန်းအမျိုးဝင် အပင်များအား အရွက်ပုံသဏ္ဌာန်ကိုလိုက်၍ နှစ်မျိုးခွဲခြားထားသည်။ တစ်မျိုးမှာ ငှက်မွေးပုံဖြစ်ပြီး ကျန်တစ်မျိုးမှာ ယပ်တောင်ပုံဖြစ်လေသည်။ အုန်းပင်၊ ကွမ်းသီးပင်၊ စွန်ပလွံပင်တို့သည် ငှက်မွေးပုံ အရွက်ရှိသော အပင်မျိုးများဖြစ်ကြပြီး ပေပင်နှင့်ထန်းပင်တို့မှာမူ ယပ်တောင်ပုံအရွက်များရှိကြပါသည်။ ထိုယပ်တောင်ပုံအရွက်ရှိသော ထန်းပင်များကို ကော်ရီဖာထန်း (Corypha Palm) နှင့် တောဒီထန်း (Toddy Palm) ဟူ၍ခေါ်ကြပါသည်။ ထန်းမျိုး၏ အသီး၊ ပင်စည်နှင့် အရွက်တို့သည် လူသားများအတွက် အလွန်အသုံးဝင်သော ပစ္စည်းများဖြစ်ကြပါသည်။ ထန်းမျိုးပေါက်ရောက်ရာဒေသရှိ လူတို့သည် စားစရာ၊ နေစရာ၊ ဝတ်စရာတို့အတွက် ထန်းပင်ကို လုံးဝမှီခိုကြရသည်။ ထန်းမျိုးများအနက် ထန်းလျက်၊ ထန်းရည်များရရှိသော ထန်းပင်များမှာထင်ရှားပြီး ယင်းတို့ကို မြန်မာနိုင်ငံအရပ်ရပ်၌ တွေ့ရကာ အချို့အရပ်ဒေသများ၌ တွေ့နိုင်ပါသည်။

**ထန်းပင်အမျိုးအစားများ**

ထန်းပင်သည် အပြင်မှာအကာနှင့် အတွင်းမှာ အူချောင်းပါသော မြက်အမျိုးအစားဝင် အပင်ဖြစ်သည်။ အပင်အမျိုးအစားထဲတွင် အနှစ်ကို အနှစ်ရှိသောအပင်၊ အကာကိုအကာရှိသော အပင်၊ အနှစ်ကို အကာရှိသောအပင်နှင့် အကာကိုအနှစ်ရှိသောအပင်ဟူ၍ရှိသည့်အနက် ထန်းပင်သည် အကာကိုအနှစ်ရှိသော အပင်အမျိုးအစားတွင် ပါဝင်သည်။ ထန်းပင်သည် အပင်စောက်မျိုးဖြစ်ပြီး အခက်အလက်တို့ဖြာဝေခြင်း မရှိဘဲ အထက်သို့ ဖြောင့်ဖြောင့်မတ်မတ်တက်သွားပြီး အပင်၏ ထိပ်တည့်တည့်ရောက်မှ အရွက်များထွက်ရှိပါသည်။ ထန်းပင်ပေါက်စဘဝတွင်ကြီးထွားနှုန်းနှေးကွေးပြီး အရွယ်ရောက်စတွင် ကြီးထွားနှုန်းတိုးမြင့်လာကာ တစ်နှစ်လျှင်ကြက်မတစ်ဝပ်စာမျှ မြင့်တက်သည်ဟု ဆိုကြပါသည်။ ထန်းပင်၏အမြင့်မှာ ပေ ၆၀ မှ ပေ ၈၀ အထိရှိပြီး ထို့ထက်မကလည်း မြင့်နိုင်ပါသည်။ ထန်းပင်၏သက်တမ်းမှာလည်း နှစ်ပေါင်း ၁၅၀ မှ ၂၀၀ ကျော်ထိရှိကြပါသည်။

**ထန်းရည်နှင့်ကျန်းမာရေးကောင်းကျိုးများ**

ထန်းရည်သည် ထန်းပင်မှ ထွက်ရှိလာသော အရည်ဖြစ်ပြီး သောက်သုံးနိုင်ပါသည်။ ၎င်းအရည်ကိုသောက်လျှင် ဆေးဖက်ဝင်သကဲ့သို့ လူကို မူးဝေစေသည်။ ထန်းရည်ကို သောက်သုံးစရာတစ်ခုအဖြစ် ရှေးသရောအခါကတည်းက သောက်ခဲ့ကြခြင်းဖြစ်ပြီး လက်ရှိကာလအထိလည်း သောက်သုံးနေဆဲဖြစ်ကာ နောင်လည်းဆက်ရှိနေဦးမှာ သေချာပါသည်။ ထန်းရည်တွင် ထန်းရည်ချိုနှင့်ထန်းရည်ခါးဟူ၍ နှစ်မျိုးရှိပါသည်။ ထန်းရည်အချိုကိုသောက်လျှင် သကြားရည်ကဲ့သို့ချိုပြီး ရင်ခံတတ်သည်။ ထန်းရည်အခါးကိုသောက်လျှင် အရသာခါး၍ အရက်ကဲ့သို့ မူးယစ်စေနိုင်ပါသည်။ အချိုရည်သည် ကစော်မပေါက်မီ ဆက်ကရင်းသကြားပါသော အရည်တစ်မျိုးဖြစ်ပြီး ယင်းကို မွှန်းတည့် ၁၂ နာရီကျော်သည်အထိထားလျှင် အခါးရည်ဖြစ်သွားသည်။ လတ်ဆတ်သော အချိုရည်ကိုသောက်လျှင် ဝမ်းပျော့စေသည်။ ထန်းရည်သည်သဘာဝဆေးတစ်ခုအနေဖြင့် ခန္ဓာကိုယ်ကို အကျိုးပြုပေးနိုင်ပါသည်။ ထန်းရည်၏ ချဉ်ဖန်ဓာတ်တန်ဖိုး pH မှာ ၈ မှ ၉ အတွင်းရှိပါသည်။ ထန်းရည်ကို ကျန်းမာရေးအကျိုးကျေးဇူးများသည့် သောက်စရာတစ်ခုဟုပြောနိုင်ပါသည်။ ထန်းရည်မှ ရရှိနိုင်သော အာဟာရဓာတ်များအနေဖြင့် ဆူးခရို့စ်၊ ပရိုတင်း၊ အက်စကောဘစ်အက်စစ်၊ အမျှင်ဓာတ်၊ အမိုင်နိုအက်စစ်၊ ဗီတာမင်စီ နှင့် ဓာတ်တိုးဆန့်ကျင် အာနိသင်ရှိသောပစ္စည်းများ ကြွယ်ဝစွာပါဝင်ပါသည်။

ထန်းရည်သည် သဘာဝမှပေးသော ချိုပြီး အရသာရှိသည့် အာဟာရနှင့် ဗီတာမင်ဓာတ်များ ပါဝင်နေသည့် သဘာဝ၏လက်ဆောင် သောက်စရာတစ်မျိုးအနေဖြင့် ရှိနေပါသည်။ ထန်းရည်သည် ကင်ဆာရောဂါကို တိုက်ဖျက်ပေးနိုင်သည်ဟု သိရှိရပြီး ထန်းရည်မှာ ဗီတာမင် B2 ဟုသိကြသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်ခုဖြစ်သော Riboflavin ဓာတ်ပါဝင်နေပါသည်။ အဆိုပါ Riboflavin သည် ကင်ဆာဖြစ်စေနိုင်သည့် Free Radicals များကို တိုက်ထုတ်ပေးနိုင်စွမ်းရှိသောကြောင့် ကင်ဆာအန္တရာယ်မှ ကာကွယ်ရန် ထန်းရည်သောက်ပေး၍ရသည်ဟု ဆိုကြပါသည်။ ထန်းရည်တွင် ဓာတ်တိုးဆန့်ကျင် အာနိသင်ရှိဓာတုပစ္စည်းများနှင့် ဗီတာမင်စီပါဝင်သောကြောင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။

ထို့ပြင် ထန်းရည်တွင်ပါဝင်သော သိုင်အိုမင်းသည် ဗီတာမင်ဘီမဲ့ ချို့တဲ့ခြင်းကို ကုသရန် သို့မဟုတ် ကာကွယ်ရန် အသုံးပြုပါသည်။ ယင်းဗီတာမင်သည် ကစီဓာတ်ဖြစ်သော ကာဗိုဟိုက်ဒရိတ်ကို ချေဖျက်သို့လှောင်ရန်၊ ခန္ဓာကိုယ်ပုံမှန်ကြီးထွားမှုကို ထိန်းသိမ်းရန်နှင့် အာရုံကြောများအားကောင်းရန်အတွက် အရေးပါသည့်အပြင် အမြင်အာရုံကိုလည်း ကောင်းမွန်စေနိုင်ပြီး အရေပြား၊ ဆံသားနှင့် ခြေသည်း၊ လက်သည်းများကိုလည်း ကျန်းမာသန်စွမ်းစေနိုင်ပါသည်။ ထန်းရည်တွင် အရေပြား၊ ဆံသားနှင့် ခြေသည်း၊ လက်သည်းများကျန်းမာစေရန်အတွက် လိုအပ်သည့် သံဓာတ်နှင့် ဗီတာမင်ဘီတို့ ကြွယ်ဝစွာပါဝင်နေခြင်းကြောင့် ခန္ဓာကိုယ်က ဆဲလ်များ ကောင်းမွန်စွာ လုပ်ဆောင်နိုင်စေရန် အထောက်အကူပြုပေးသကဲ့သို့ တစ်သျှူးများကို ပြုပြင်ပေးပြီး အနာကျက်စေနိုင်စွမ်းလည်းရှိပါသည်။ ထန်းရည်တွင် ပါဝင်သော ပိုတက်ဆီယမ်သည် နှလုံးကျန်းမာစေနိုင်ပြီး သွေးတိုးကျစေနိုင်သဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများခံစားရနိုင်ခြေကို လျှော့ချပေးခြင်းကြောင့် ထန်းရည်ကို နေ့တိုင်းတစ်ခွက်ခန့် သောက်ပေးမည်ဆိုပါက နှလုံးကျန်းမာစေမည်ဖြစ်သည်။

ထန်းရည်တွင် နို့ထွက်များစေနိုင်သော ဂုဏ်သတ္တိရှိသောကြောင့် နို့ထွက်နည်းသည့် မိခင်များအတွက်



သောက်ပေးလို့ရသည့် သဘာဝနို့ရွှင်ဆေးတစ်လက်ဟုလည်းပြောနိုင်ပါသည်။ ထို့ကြောင့် နို့တိုက်မိခင်များ နို့ထွက်များစေရန် သောက်ပေးသင့်ပါသည်။ ထန်းရည်က ကိုယ်အလေးချိန်ချချင်သူများအတွက်လည်း စဉ်းစားသင့်သည့် အချက်တစ်ခုဖြစ်သလို

**စာမျက်နှာ ၁၄ သို့ ●**



● **စာမျက်နှာ ၁၃ မှအဆက်**

မှတ်ဉာဏ်ကောင်းလိုသူများအတွက်လည်း သင့်တော်ပါသည်။ ဦးနှောက်ကိုကျန်းမာစေနိုင်ပါသည်။ သွေးဖုံးရောဂါများကို သက်သာစေနိုင်သလို ပင်ပန်းမှုကိုလည်း ပြေလျော့စေနိုင်ပါသည်။ သွေးတွင်းကိုလက်စထရောပမာဏကို ကျဆင်းစေနိုင်ပြီး ဆီးကိုလည်းရှင်စေပါသည်။ အော့အန်ခြင်း၊ ဝမ်းသွားခြင်းတို့ကြောင့် ကိုယ်တွင်းရေဓာတ်ဆုံးရှုံးမှုဖြစ်သည့်အခါ ရေဓာတ်ပြန်လည်ဖြည့်တင်းစေရန် ထန်းလျက်ကို ရေနွေးနှင့်ဖြစ်စေ၊ ရေအေးနှင့်ဖြစ်စေသောက်သုံးပေးပါက ကိုယ်တွင်းရေဓာတ်ကို ပြန်လည်ဖြည့်စွမ်းပေးစေနိုင်ပါသည်။ သို့ရာတွင် ထန်းရည်အများကြီးသောက်ခြင်းကြောင့် အသည်းရောဂါဖြစ်ပွားနိုင်သည်ကို မမေ့လျော့သင့်ပေ။

**ထန်းလျက်ချက်လုပ်ပုံနှင့်ထန်းလျက်အမျိုးအစားများ**

ထန်းပင်မှရသော သန့်စင်ထားသည့်ထန်းရည်အချို့ကို ဒယ်အိုးထဲသို့ထည့်ကာ မီးပြင်းပြင်းဖြင့်ပျစ်လာသည်အထိ သမအောင်မွှေပေးရပြီး ဆူပွက်သည်အထိ ကျိုချက်ပေးရပါသည်။ အရည်ပျစ်၍ ထန်းလျက်သားတက်လာသည့်အခါ မီးဖိုပေါ်မှချပြီး မိမိလိုအပ်သည့် ပုံစံအတုံးလေးများတုံးကာ အခြောက်ခံလျှင် ထန်းလျက်ခဲကိုရရှိပါသည်။ ဆီးမှုန့်၊ အုန်းသီး၊ နှမ်း၊ မြေပဲစသည်တို့ဖြင့်လည်းပြုလုပ်နိုင်ပါသည်။ သဘာဝပစ္စည်းစစ်စစ်မှ ထုတ်လုပ်ထားသည့်အပြင် ဆေးဖက်ဝင်သောကြောင့် မြန်မာ့ထမင်းဝိုင်းတွင် အချိုတည်းစရာတစ်ခုအဖြစ် ရှေးကတည်းကပင် တည်ရှိခဲ့ကာ လက်ရှိအချိန်အထိ လူကြီး၊ လူငယ်မရွေး အထူးကြိုက်နှစ်သက်စွာ စားသုံးလျက်ရှိသည့် အစားအစာတစ်ခုဖြစ်ပါသည်။ ထန်းလျက်ကို ပြည်ပနိုင်ငံများကပါ ကြိုက်နှစ်သက်စွာ စားသုံးနေကြပြီဖြစ်ပါသည်။

ထန်းလျက်တွင် သကြားထန်းလျက်၊ ထန်းသီးထန်းလျက်ဟူ၍ နှစ်မျိုးရှိပြီး သကြားထန်းလျက်မှာ အဖြူရောင်ကဲကာ ထန်းရည်ဖြင့်ချက်သောထန်းလျက်မှာ အညိုရောင်အဆင်းရှိ၍ သကြားထန်းလျက်ထက် အချိုဓာတ်ပိုများပါသည်။ အချိုဓာတ်သည် ခန္ဓာကိုယ်အာဟာရပြည့်စေသည့်အပြင်ခွန်အားလည်း ဖြစ်စေနိုင်ပါသည်။ နံနက်ခင်း၌ သောက်မည့်ဖျော်ရည် သို့မဟုတ် နံနက်ခင်း သောက်စရာတစ်ခုထဲသို့ ထန်းလျက်ကိုထည့်၍ သောက်ပေးမည်ဆိုလျှင် ခန္ဓာကိုယ်အတွက် ခွန်အားပြည့်ဝစေမည်ဖြစ်ပါသည်။

**❒ အချိုဓာတ်သည် ခန္ဓာကိုယ်အာဟာရပြည့်စေသည့်အပြင် ခွန်အားလည်းဖြစ်စေနိုင်ပါသည်။ နံနက်ခင်း၌သောက်မည့်ဖျော်ရည် သို့မဟုတ် နံနက်ခင်းသောက်စရာတစ်ခုထဲသို့ ထန်းလျက်ကိုထည့်၍ သောက်ပေးမည်ဆိုလျှင် ခန္ဓာကိုယ်အတွက် ခွန်အားပြည့်ဝစေမည်ဖြစ်...**

**❒ ထန်းလျက်တွင် လူ့ခန္ဓာကိုယ်အတွက် လိုအပ်သောကယ်လိုရီနှင့် ကာဗွန်ဟိုက်ဒရိတ်သတ္တုဓာတ်များ ပါဝင်နေသည့်အပြင် ထန်းလျက်တွင် အကျိုးပြုအမျှင်ဓာတ်များပါဝင်နေသောကြောင့် အူအတွင်းက အကျိုးပြုဗက်တီးရီးယားများကို အထောက်အပံ့ပေးပြီး သွေးအတွင်း သကြားဓာတ်ကို ထိန်းညှိပေးနိုင်...**

ထန်းလျက်သည် အစာကြေစနစ်ကို ကောင်းမွန်စေသောအစွမ်းရှိပြီး အစာကြေလွယ်စေပါသည်။ မန်ကျည်းသီးနှင့်ရောပြီး မန်ကျည်းဖျော်ရည်အဖြစ် စိမ်သောက်ပါက ခန္ဓာကိုယ်အတွင်းမှ အပူများကင်းစင်စေပါသည်။ ထန်းလျက်တွင် လူ့ခန္ဓာကိုယ်အတွက် လိုအပ်သော ကယ်လိုရီနှင့် ကာဗွန်ဟိုက်ဒရိတ်သတ္တုဓာတ်များ ပါဝင်နေသည့်အပြင် ထန်းလျက်တွင် အကျိုးပြုအမျှင်ဓာတ်များပါဝင်နေသောကြောင့် အူအတွင်းက အကျိုးပြုဗက်တီးရီးယားများကို အထောက်အပံ့ပေးပြီး သွေးအတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပါသည်။ ထန်းလျက်တွင် ပါဝင်သောဓာတ်တိုးဆန့်ကျင်ပစ္စည်းများမှာ ကင်ဆာဖြစ်စေသောအရာများကို တိုက်ဖျက်ပေးသည့်အပြင် ဗီတာမင် အေ,စီ တို့ကြွယ်ဝစွာပါဝင်သောကြောင့် ကင်ဆာရောဂါကိုလည်း ကာကွယ်နိုင်သည်။

အစားအစာများကို အများကြီးစားမိသည့်အခါနှင့် မတည့်စာများကိုစားမိသည့်အခါ ရင်ပြည့်ရင်ကယ်ဖြစ်လာပါက ထန်းလျက်ကိုစားပေးခြင်းဖြင့် ရင်ချောင်စေနိုင်ပါသည်။ ထန်းလျက်ကို ပုံမှန်စားပေးခြင်းဖြင့် အစာကြေလွယ်ပြီး အစာခြေစနစ်ကို ကောင်းစွာလုပ်ဆောင်စေနိုင်သောကြောင့် ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်ပါသည်။ ထန်းလျက်တွင် ပိုတက်ဆီယမ်နှင့် ကယ်ဆီယမ်တို့ကဲ့သို့ ခန္ဓာကိုယ်အတွက် လိုအပ်သည့် သတ္တုဓာတ်များပါဝင်နေပြီး အရိုးနှင့်ကြွက်သားများကို သန်မာစေနိုင်ပါသည်။ အရိုးနှင့်ကြွက်သားတစ်သျှူးများကို ကျန်းမာစေပါသည်။ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးခြင်းနှင့် သဘာဝဓာတ်တိုးဆန့်ကျင်အာနိသင်များ ပါဝင်နေသောကြောင့် ကိုယ်တွင်းအဆိပ်အတောက်များကို ဖယ်ရှားနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (၃၅)ကြိမ်မြောက်အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၃၅)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အထွေထွေ အစည်းအဝေးအား နေပြည်တော် ဇလပ်ဝါ ပလာဇာရှိ OTTARA GRAND BALLROOM ၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက် ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင် ကိုယ်စားလှယ်များ စုံလင်စွာတက်ရောက် ကြသည်။

ဦးစွာ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက အဖွင့် အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင် သောကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို ဒါရိုက်တာ ဦးယုလွင်က လည်းကောင်း၊ ကုမ္ပဏီ၏နှစ်ချုပ်စာရင်း ရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို မြန်မာနိုင်ငံစာရင်းကောင်စီမှ အသိအမှတ် ပြုထားသော ဦးလှထွန်းနှင့်အဖွဲ့လီမိတက် (ပြင်ပစာရင်းစစ်အဖွဲ့)မှ ဦးမောင်မောင် အောင်ကလည်းကောင်း၊ အမြတ်ဝေစုခွဲဝေ ပေးမှုအခြေအနေကို ဒါရိုက်တာ ဦးသန်းဝင်း ကလည်းကောင်း ရှင်းလင်းတင်ပြခြင်းနှင့် အတည်ပြုခြင်းတို့ကို မြန်မာနိုင်ငံကုမ္ပဏီ များဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ဇော်မျိုး(မြဝတီ)**

◆ ရှေ့ဖုံးမှအဆက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ထုံး ကျောက်တောင်များတွင် ကျက်စားသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ယင်းတို့၏ ထုံးကျောက်တောင်ဂေဟစနစ် ကို ထိန်းသိမ်းကာကွယ်ရန်၊ သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက် အကူပြုစေရန်၊ သဘာဝအခြေခံခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုရန်နှင့် ပန်းလောင်နှင့် ဇော်ဂျီမြစ် တို့၏ ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းရန်ရည်ရွယ်၍ ရေထွက် ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင် ထူးခြားသည့်နယ်မြေကို သတ်မှတ်ခြင်းဖြစ် ပါသည်။

ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေသည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ (၃၇၀၀) ကျော်တွင် တည်ရှိနေကာ မြေပြန့်လွင်ပြင် နည်းပါး၍ တောင်ကုန်း၊ တောင်စွယ်များ၏ သဘာဝအလှများဖြင့် တင့်တယ်လှပါ သည်။ ရေထွက်ဂူတည်ရှိရာ ထုံးကျောက် လိုဏ်ဂူတောင်တန်းသည် အနောက်မှ အရှေ့သို့သွယ်တန်းနေပြီး အရှေ့မှ တောင် ဘက်စူးစူးသို့ ငါးများချိတ်သဏ္ဌာန်တည်ရှိ နေပါသည်။ ထုံးကျောက်တောင်၏ဝန်းကျင် ရှိ (၂၀) ကေခန့်ကျယ်ဝန်းသည့် ဒေသအခေါ် နဂါးအင်းကောရေဝပ်ဧရိယာသည် ဇွန်လမှ အောက်တိုဘာလအထိ (၅) လတာကာလ အတွင်း ပြာလဲ့လဲ့ရေပြင်ဖုံးလွှမ်းနေပြီး အင်းရေကျချိန်တွင် ဒေသခံတောင်သူ များစိုက်ပျိုးသည့် ကိုင်းသီးနှံခင်းများ၏ စိမ်းလဲ့လဲ့အရောင်သို့ ပြောင်းလဲတွေ့မြင်ရ ပါသည်။

ရေထွက်ကျောက်ခေါင်းတွင် ဂူ (၂) ခုကို တွေ့ရှိရပြီး ဂူအမှတ် (၁) ၏ အဝင်ဂူမျက်နှာဝ သည် (၃၆) ပေကျယ်ဝန်းပြီး (၄၈) ပေ အမြင့် ရှိကာ ရေငုပ်၍ဝင်ရောက်ပါက အတွင်းသို့ (၂၆၅၀) ပေအထိသာ ဝင်ရောက်နိုင်စွမ်း ရှိကြောင်းသိရပါသည်။ ဂူအမှတ် (၂) ၏ အဝင် ဂူမျက်နှာဝအကျယ်သည် (၃၅) ပေ ကျယ်ဝန်းပြီး (၁၀) ပေ အမြင့်ရှိကာ အတွင်း ပိုင်းသို့ ပေ (၂၀၀) ခန့်အထိသာ ဝင်ရောက် နိုင်ကြောင်းသိရသည်။ ဂူ၏အရှေ့ဘက် တွင်လည်း တောင်ပေါ်မြက်ခင်းတော ကိုလည်းတွေ့မြင်ရနိုင်သည်။ ယမနေ၊ ထောက်ကြံ့၊ သင်းဝင်ဖို၊ သပြေ၊ ကြို့၊ သံသေ၊ ဇောင်းပလွေး၊ သတီ အပါအဝင် ဒေသသစ်မျိုး (၄၇) မျိုး၊ တစ်ပင်တိုင်မြနန်း၊ တစ်ပင်ရွှေထီး၊ ဥပတာကာနွယ်၊ ဆင်တုံးမနွယ် စသည့် ပရဆေးပင် (၇) မျိုး၊ ဝါးပိုးဝါး၊ မြင်ဝါးနှင့် သိုက်ဝါး စသည့် ဝါး (၃) မျိုး ပေါက်ရောက်လျက်ရှိသည့် အထက်ပြတ် ရောနှောတောနှင့် တောင်ပေါ်အမြဲစိမ်း တောတို့ကို တွေ့ရှိရပါသည်။

ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိ ရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ် ခြင်းအားဖြင့် ယင်းဒေသတွင် ကျက်စား နေထိုင်သည့်ချေ၊ ကြောင်မြင်း၊ ကြောင်ဝံပိုင့်၊ ကြောင်နံ့သာ၊ မျောက်လေပွေ၊ ခွေးတူ ဝက်တူ၊ ခွေးအ၊ ဖျံခြေသည်းငယ်၊ ဖြူမြီးဖွာ၊ ဝါးဘိုးကြွက်နှင့်လင်းနို့မျိုးစိတ်များအပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် (၂၄) မျိုး၊ ဒေါင်းစိမ်း၊ ငှူ၊ ဖိုးခေါင်ငှက်၊ ကြက်တူရွေး၊ ဗွတ်ကလုံ၊ အောက်ချင်းငှက်၊ ဝါးယောင်းငှက်၊ လင်းယုန်၊ ချိုး၊ ချိုးသိန်း၊ ငှက်ရွှေဝါ၊ ရစ်ငှက်စသည့် ငှက်မျိုး စိတ်၄၆)မျိုးအပြင် ဆောင်းခိုငှက်များ၊ လိပ်ဝါ နှင့် အထူးသဖြင့် မြန်မာ့ဒေသရင်းမျိုးစိတ် ဖြစ်သည့် လင်းဝေးဒေသ၏ထုံးကျောက် တောင်တောက်တဲ့ (Cyrtodactylus Linnwa-yensis) မျိုးစိတ်များကို ထိန်းသိမ်းကာကွယ် နိုင်ခြင်း၊ သိပ္ပံပညာရပ်များအတွက် တန်ဖိုး မဖြတ်နိုင်သည့် သုတေသနအခွင့်အလမ်း များစွာကိုထောက်ပံ့ပေးနိုင်ခြင်း၊ ရေထွက် ထုံးကျောက်ဂူများ၏ ဂေဟစနစ်များနှင့် ထူးခြားသည့်သဘာဝအနေအထားများကို အခြေပြု၍ သဘာဝအခြေခံခရီးသွား လုပ်ငန်းများဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံ တကာ ခရီးသွားများကိုဆွဲဆောင်နိုင်ခြင်း ဖြင့် ဒေသခံတိုင်းရင်းသားများ၏လူမှု စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင် ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**



# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ပြီး တည်ဆဲဥပဒေများနှင့်အညီနေထိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဆွေးနွေးမှာကြား

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများနှင့်ပတ်သက်၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာအကောင်အထည်ဖော်ရေး ဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။






ဦးစွာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (Permanent Residence System–PR System) ကျင့်သုံးနိုင်ရေးအတွက်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအခြေအနေများနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှု၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) ကို နည်းဥပဒေထုတ်ပြန်ပြဋ္ဌာန်း၍ အမျိုးအစားလေးမျိုး သတ်မှတ်ခွင့်ပြုဆောင်ရွက်ပေးနေမှုနှင့် ဗဟိုကော်မတီအစည်းအဝေးမှ စိစစ်ခွင့်ပြုသူများအနက် ယခုလူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့်သူ မိသားစုမပါ စုစုပေါင်း ၃၃ ဦးအား PR နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်မေးမြန်းအကဲဖြတ်ပေးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဗဟိုကော်မတီဝင်များသည် ဗဟိုကော်မတီမှစိစစ်အတည်ပြုပြီးသည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများကို တစ်ဦးချင်းတွေ့ဆုံကာ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များမှ သိရှိလိုသည်များ၊ ပြဋ္ဌာန်းထားသည့် PR နည်းဥပဒေအပေါ် သိရှိနားလည်လိုက်နာဆောင်ရွက်ရေးနှင့် တည်ဆဲဥပဒေများနှင့်အညီ နေထိုင်နိုင်ရေးအခြေအနေများကို မေးမြန်းဆွေးနွေးကြပြီး အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်(PR System)ဖြင့် ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်၊ အခြားနိုင်ငံသား ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်း၊ မြန်မာနိုင်ငံသားနှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစားလေးမျိုး သတ်မှတ်ခွင့်ပြုပေးလျက်ရှိရာ ယခုအစည်းအဝေးတွင် ယခင်ကျန်ရှိသူ မိသားစုမပါ ၃၃ ဦးနှင့် ပြီးခဲ့သည့်အစည်းအဝေးမှ မိသားစုမပါ ၃၇ ဦး၊ စုစုပေါင်း ၇၀ ဦးအနက် လူတွေ့စစ်ဆေးခြင်းခံယူရန် အကြောင်းပြန်ကြားသူ မိသားစုမပါ ၃၃ ဦးအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်ခဲ့ကြပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြကာ အတည်ပြုခွင့်ပြုသူများအား နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးနိုင်ရေးအတွက် ဌာန၏လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ (NAQAC) ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (NAQAC) ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က AUNQA Guidelines စာအုပ်ကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် Operational Level အထိ အဆင့်လိုက်ပါဝင်အောင် ပြုစုနေပြီဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်းဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်များအားလုံးသို့ ထုတ်ဝေဖြန့်ချိစေလိုကြောင်း၊ NAQAC First Engagement Forum ကို နေပြည်တော်တွင်ကျင်းပသည့်အခါ ထိရောက်စွာ ဆွေးနွေးပြောဆိုနိုင်သည့် အစီအစဉ်များ ပါဝင်စေရန် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ရလဒ်အခြေပြုအချက်အလက်များ (Evidence-based Data) ကောက်ယူကာ ရလဒ်အခြေပြု ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် NAQAC က ဦးဆောင်ရန်တာဝန်ရှိကြောင်း ပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေး အာမခံမှုအကဲဖြတ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအတည်ပြုကြသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အရည်အသွေးအာမခံမှုလုပ်ငန်းအကောင်အထည်ဖော်မှုကျွမ်းကျင်သူဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)



# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တွေ့ဆုံ




နေပြည်တော် အောက်တိုဘာ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF)ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွဲ့ချုပ်ဖွဲ့စည်းမှု၊ အသင်းအဖွဲ့မှတ်ပုံတင်ရရှိမှု၊ အဖွဲ့ချုပ်အနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ ရေဘေးအကူအညီပေးရေး လုပ်ငန်းများကို နေပြည်တော်၊ တောင်ငူနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး နေပြည်တော်ရှိ ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုဖွဲ့စည်း၍ ညှိနှိုင်းဆောင်ရွက်ပေးနေမှု၊ ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ရေဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံတော်၏အစီအမံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environmental Conservation) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး (Disaster Risk Reduction) ဆိုင်ရာအသိအမြင်များကို မျိုးဆက်သစ်များအနေဖြင့် ငယ်ရွယ်စဉ်ကပင် သိနားလည်ရန် လိုအပ်နေမှုနှင့် ခရီးသွားလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရာတွင်လည်း ယင်းအသိအမြင်များ တစ်ပါတည်းပေါင်းစပ်ဆောင်ရွက်ပေးရန်တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

⊃ ရှေ့ဖုံးမှအဆက်

စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ယင်းမာပင်မြို့နယ်၌ ၇၇၆၉ ဧက၊ ကနီမြို့နယ်၌ ၃၈၈၇ ဧက၊ ဆားလင်းကြီးမြို့နယ်၌ ဧက ၁၂၁၀ နှင့် ပုလဲမြို့နယ်၌ ဧက ၃၂၂၀ စုစုပေါင်း ၁၆၀၈၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ယင်းမာပင်ခရိုင်မှာနေကြာ ၁၆၀၈၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကိုတိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာအများစုစိုက်ကြတာပါ”ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြတ်မိုးဝင်းက ပြောသည်။

ယင်းမာပင်ခရိုင်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။



အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)မှကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို တည်ထောင်ဖွင့်လှစ်ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ကိုစတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၆၀ ဦး၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.Tech ၁၃၉ ဦး၊ A.G.T.I ဒီပလိုမာ ၇၆၅ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၄၄၅ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ ပါရဂူဘွဲ့ ၃၂ ဦး၊ B.Tech ၃၄၆ ဦး၊ B.E ၆၂၅ ဦး၊ M.E ၃၄ ဦး အသီးသီးအောင်မြင်မှုရရှိခဲ့သည့် အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးစားသင်ယူဆဲ ကျောင်းသား၊ ကျောင်းသူများရှိကြောင်း၊ အဂတိတရားကင်းရှင်းစွာ နိုင်ငံတော်၏တာဝန်များကို ကြိုးစားထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရရှိသူနှစ်ဦးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူတစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ ဆောက်လုပ်ဆဲ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ အိပ်ဆောင်များ၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(၅၀၀)

# ရုရှား-မြန်မာစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Aleksei SHUPLOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာစီးပွားရေးကောင်စီ (Russian–Myanmar Business Council–RMBC)ဥက္ကဋ္ဌ Mr. Aleksei SHUPLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ရုရှားနှစ်နိုင်ငံအကြား လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များပေးအပ်ရန်နှင့် အနာဂတ်တွင် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာကောင်းများနှင့်ပတ်သက်၍ အပြန်အလှန်အကူအညီပေးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ရုရှားကိုယ်စားလှယ်အဖွဲ့က ရာဂိမုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပွားခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် သက်ဆိုင်ရာသို့ ဆက်သွယ်လှူဒါန်းပေးရန် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို လှူဒါန်းခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးနှင့် မြန်မာ - ရုရှားချစ်ကြည်ရေးအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ ကွင်းအမှတ် ၁၇၂၁ ၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့်မိုးစပါးစိုက်ဧကများအတွက် ဆောင်းသီးနှံ မတ်ပဲနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်း၊ မြေပြင်ခြင်းနှင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲသို့တက်ရောက်ပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧရိယာများတွင် ဆောင်းသီးနှံပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မတ်ပဲနှင့် နေကြာမျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ အဆိုပါကွင်းအတွင်း သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနက စက်ယန္တရားများဖြင့် ထယ်ရေးထွန်ယက်နေမှုနှင့် မြေပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက်ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း အားကစားရုံ၌ စခန်းသွင်းလေ့ကျင့်နေသော ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြုအားကစားသမားများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဖြည့်စွက်အားဖြည့်စာများနှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု ရွာတောကျေးရွာ၌ ပိုင်ရှင် ဦးသောင်းကြည်၏ခြံစနစ်ဖြင့် မွေးမြူထားသော နွားမွေးမြူရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ကျင်းပသည့် လယ်ဝေးမြို့နယ်၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ကာ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး လယ်ဝေးမြို့နယ်အတွင်း ရာဂိမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများမှ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပရဟိတအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ/ယာတွင် လမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 80 species of aquatic animals, reptiles and 90 species of fish live in Indawgyi Lake

NAY PYI TAW October 31

More than 80 species of aquatic animals and reptiles and over 90 species of fish are living in Indawgyi Lake, the largest lake in Myanmar, said U Nyunt Win, director of the Development and Research Division of the Department of Fisheries (Nay Pyi Taw).



The Department of Fisheries Development and Research (Nay Pyi Taw) is working to conserve endangered Myanmar freshwater fish species. Research is underway across the lakes and rivers where freshwater fish species are migrating in groups and plans are underway to protect them.

"According to research, more than 80 species of aquatic animals and reptiles have been recorded in Indawgyi Lake. In addition, more than 90 species of fish are living in the lake. Indawgyi Lake is also connected to the Ayeyawady River, and the fish species that inhabit the river often spawn in the lake. Fish species in the Ayeyawady River enter the lake through the Shwe Taung Creek during floods in the rainy season and lay their eggs,"said U Nyunt Win.

**SMK**

# Bogale Township sends 75,000 viss of eels to Yangon market

BOGALE October 31

Local businesspersons and fishermen from Bogale Township of Ayeyawady Region dispatched 75,000 viss of eels to Yangon market, said Daw Swe Swe, the owner of marine products trading centre in Bogale Township.

They sent 55,000 viss of eels to Yangon market in August, compared to 75,000 viss in September. High demand of eels at domestic market is based on larger offers from merchants from foreign countries.

Daw Swe Swe commented: "The demand of eels started rising in the first week of September. It depended on reoperation of exporting eels to foreign market. We send eels to Yangon market only. But Yangon commodities distribute eels to foreign markets and other region and state markets. Thanks to high demand, local fishermen and businesspersons are convenient in earning incomes. Local fishermen from Bogale Township capture eel at natural water areas such as creeks, lakes and fields. Yangon market exports eels to China and Thailand.

**SK**

# Yenangyaung harvest over 4,000 acres of maze

YENANGYAUNG October 31

A total of 4,408 acres of maize were harvested in Yenangyaung Township of Magway Region in this year's rain crops planting season, according the Township Department of Agriculture.

In this year's rain crops planting season, 6,155 acres of maize have been planted and as of now, 4,408 acres of maize were harvested with a yield of 15,277 corns per acre, yielding a total of 67,339,225 corns, according to the statistics released by the Township Agriculture Department.

71,337 acres of maize are being planted all year round in the Township. Farmers in the Township are selling corn as a seasonal food as well as selling corn kernels to the market and corn husks to tobacconists. **SMK**

# More than 43,000 acres of monsoon sesame planted in Ayadaw Township this monsoon

AYADAW October 31

Statistics of Monywa District Agriculture Department stated that a total of 43,016 acres of croplands have been placed under monsoon sesame in Ayadaw Township of Sagaing Region.

In 2024-2025 monsoon, Ayadaw Township earmarked 42,802 acres of monsoon sesame but local farmers have so far planted 43,016 acres of monsoon sesame exceeding the target cultivation.

Daw San San Myint disclosed: "Local authorities earmarked more than 42,000 acres of monsoon sesame, but local farmers so far have planted more than 43,000 acres of monsoon sesame exceeding the target sown acreage. Our department helps local farmers expand sown acreage of sesame, boost per-acre yield and use GAP systems."

This year, the township Agriculture Department raises farmer awareness for expanding sown acreage of sesame, use of agricultural techniques and GAP system in addition to quality strains of seeds.

The crops produced in good agricultural practices are able to have higher quality than other crops produced in ordinary agricultural techniques and fetch high prices in both domestic and foreign markets. So, local farmers can earn increased incomes for their families.

**SK**

# More than 1,000 acres of sunflower planted in Shwebo District

SHWEBO October 31

Statistics of Shwebo District Agriculture Department mentioned that a total of 1,095 acres of croplands have been placed under sunflower plants as monsoon crop in Shwebo District of Sagiang Region.

In 2024-2025 monsoon season, Shwebo District earmarked 1,200 acres of sunflower but local farmers have planted 1,095 acres of sunflower against the target of cultivation.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department said: "Local farmers have so far planted 1,095 acres of sunflower against the target of 1,200 acres this monsoon. They continue cultivation of sunflower. Efforts are being made to expand sown acreage of sunflower to reduce import of palm oil. Oil production of sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in cold season more than monsoon."

Shwebo Township completed cultivation of sunflower plants on 58 acres, KhinU Township 784 acres, Wetlet Township 201 acres and Kyaukmyaung 52 acres, totalling 1,095 acres.

In 2024-2025 monsoon, Shwebo Township earmarked 100 acres of sunflower, KhinU Township 795 acres, Wetlet Township 255 acres and Kyaukmyaung 50 acres, totalling 1,200 acres.

Relevant township agriculture departments conduct training courses for local farmers and agricultural staff to enhance their capacity of growing crops.

This year, Shwebo District Agriculture Department arranges distribution of quality strains of crops and urea fertilizers at fair prices to local farmers. **SMK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Shwebo Township plants more than 9,000 acres of green gram as monsoon crop

SHWEBO October 31

Statistics of Shwebo Township Agriculture Department stated that local farmers have planted 9,700 acres of monsoon green gram in Shwebo Township of Sagaing Region this monsoon.

Local authorities earmarked 10,204 acres of pre-monsoon green gram and 1,646 acres of monsoon green gram this year but local farmers planted 5,497 acres of pre-monsoon green gram and 4,203 acres of monsoon green gram.

U Hsan Oo, Head of Shwebo Township Agriculture Department commented: "This monsoon, local farmers have planted more than 9,000 acres of green gram against the target of more than 10,000 acres. Local farmers are trying hard to meet the target cultivation. Our department helps them expand sown acreage of green gram and use quality strains of crops for boosting per-acre yield."

This year, officials of the township agriculture department urge local farmers to use quality strains of crops and correct agricultural techniques, manage prevention of pests and use of fertilizers.

The township Agriculture Department cooperates with local farmers to boost high yield of per-acre of crops. So, farmer awareness is being raised in the township with provision of quality strains of seeds and inputs and sharing of post-harvest technology. **SMK**

# More than 6,000 acres of cropland placed under vegetable plantations in Kalay Township

KALAY October 31

A total of 6,955 acres of vegetables have been planted in Kalay Township of Sagaing Region, according to the statistics of Kalay Township Agriculture Department.

Local farmers have grown 6,955 acres of vegetables against the target of 8,040 acres in the township this monsoon.

U Naing Tun Win, Head of Kalay Township Agriculture Department said: "We earmarked cultivation of more than 8,000 acres of vegetables but local farmers planted over 6,000 acres of crops. They are trying hard to meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, cauliflower and Chinese cabbage. We urged local farmers to use GAP system for all crops and educated them to produce healthy crops with free from chemical residue."

This year, agricultural staff educated local farmers to use agricultural techniques and expand sown acreage of vegetables.

At present, vegetables are thriving in the croplands. Officials of the Township Agriculture Department disseminate good agricultural practice, prevention of pests, use of natural fertilizer and pesticides.

**SMK**

# More than 30,000 acres of pigeon pea planted in Budalin Township

BUDALIN October 31

Local farmers planted 31,438 acres of pigeon pea in Budalin Township of Sagaing Region this monsoon, according to the statistics of Budalin Township Agriculture Department.

In 2024-2025 monsoon season, the township earmarked 34,500 acres of pigeon pea in Budalin Township but local farmers have planted 31,438 acres of pigeon pea so far.

U Phyo Wai, Head of Budalin Township Agriculture Department clarified: "We planned to grow more than 30,000 acres of pigeon pea this monsoon. We help local farmers boost per-acre yield of crops. Local farmers grow pigeon pea separately as well as cultivate it as mixed-crop."

This year, the township Agriculture Department provides local farmers with quality strains of crops, agricultural techniques, prevention of pests and boosting per-acre yield of crops.

Budalin Township Agriculture Department shares technologies with local farmers to make fertilizers and pesticides in order to cut costs for these inputs. **SK**

# China supports mutually beneficial cooperation in automotive industry with EU: commerce ministry





BEIJING October 31

China always supports and encourages the normal economic, trade and investment cooperation between China and the European Union (EU) for mutual benefit and win-win results in the automotive industry, according to the Ministry of Commerce (MOC).

MOC spokesperson He Yadong made the remarks at a press conference on Thursday in response to a question regarding Chinese car firms' business expansion and investment plans in Europe in the wake of the EU's decision to impose hefty extra tariffs on electric vehicles (EVs) originating from China.

"China always upholds an open and cooperating attitude, adheres to the market's leading role and full competition, and carries out cooperation with relevant countries in the EV industry through means including trade, investment and technology cooperation to jointly maintain the stability of industrial and supply chains of the global automotive sector," the spokesperson said.

He added that China is committed to green and low-carbon transition and joint efforts in coping with climate change.

Starting Wednesday, the EU's extra tariffs will apply for a period of five years. This decision to impose definitive countervailing duties on EVs from China has sparked strong opposition, with China calling the move "unfair, unreasonable and unobjective."

The spokesperson on Thursday reiterated China's stance on the EU's decision, saying that the imposition of definitive duties is not in line with the World Trade Organization rules and fails to address the core concerns of Chinese and European industries, and that China does not approve of or accept it.

**Xinhua**

# Residential building in Lebanon's Sarafand destroyed by Israel, 16 people killed - Mayor



SARAFAND October 31

Israeli jets completely destroyed a three-story residential building in the Sarafand village in southern Lebanon on Wednesday, Mayor Ali Khalifeh said, adding that the attack killed 16 peopled.

Earlier in the day, Israeli aircraft launched several missiles at a residential area in Sarafand. One building, home to three families, was completely destroyed. Rescuers arrived on the scene and attempted to extract people from the rubble, but most of the women and children inside the building died, with their bodies transported to a nearby hospital, a Sputnik correspondent reported.

"The building was home to three families — all carrying the same last name: a father and two sons. Unfortunately, at the moment of the strike, all the families were at home — 21 people, of whom 15 died, mainly women and children. In a nearby damaged building, where refugees live, a little girl lost her life," Khalifeh said.

Sarafand was considered a relatively safe place until recently, prompting local residents to shelter dozens of families fleeing from border areas. Currently, about 2,000 families live in the settlement, the mayor said.

**Sputnik**

# Chinese FM meets UNGA president, calling for deepened cooperation

BEIJING October 31

Chinese Foreign Minister Wang Yi met Thursday with Philemon Yang, President of the 79th session of the UN General Assembly, calling for deepened cooperation with the United Nations.

Wang, also a member of the Political Bureau of the Communist Party of China Central Committee, said that as the UN's most representative charter body, the UN General Assembly is a significant platform for consultation and coordination among countries, and China is willing to continue to deepen cooperation with the UN.

Wang said as a UN founding member and a permanent member of the UN Security Council, China has all along been a supporter and a contributor to the cause of the UN.

He said the vision of building a community with a shared future for humanity, the Belt and Road Initiative, the Global Development Initiative, the Global Security Initiative, and the Global Civilization Initiative proposed by China embody the fundamental guiding principles for China's participation in the cause of the UN. They have also contributed Chinese wisdom to addressing the common challenges facing mankind.

China stands ready to work with the UN to consolidate its authority, keep global governance reform on the right track, and make unremitting efforts to build a community with a shared future for humanity.

Philemon Yang said that China has continuously made new achievements in modernization and has become a model from which other countries can learn. Noting China is a stable and constructive force in international affairs, Philemon said that the UN appreciates China's long-term firm support to the cause of the UN and will continue to abide by the one-China principle firmly.

It is believed that China will continue to play an indispensable role in implementing the Pact for the Future and promoting cooperation in sustainable development and other fields, Philemon Yang added.

The two sides also exchanged in-depth views on the reform of the UN Security Council and other issues.

**Xinhua**

# Saudi Arabia building strong relations with BRICS member countries - Industry Minister

RIYADH October 31

Saudi Arabia has strong economic relations with the BRICS member countries, the kingdom's Minister of Industry and Mineral Resources Bandar Alkhorayef told Sputnik.

"Saudi Arabia has strong cooperation with the BRICS countries. The kingdom works with these countries to a large extent, and there are serious points of contact with some of them, especially with South Africa, which has a lot of experience in the mining industry. Among the BRICS members, Brazil is also an important partner for the kingdom in the industrial sector, in food security, pharmaceuticals and mining," Alkhorayef said.

He said the kingdom expects these countries to build long-term partnerships, "not just a relationship between a customer and a supplier or an exporter and an importer."

Alkhorayef also said Saudi Arabia would like to engage in integration and exchange experience and technology with them.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Experts pinpoint the KEY nutrient to consume if you want to lose weight...


Fibre is the parts of plant foods we eat that aren't digested by our small intestine but instead travel to our large intestine where it can help fuel multiple beneficial biological processes.

It's commonly associated with flatulence and bloating.

But a nutrient found in your bowl of morning Bran Flakes is one of nutrition's unsung heroes, research suggests. And it could be the key to keeping slim.

Fibre is the part of the plant that our small intestine can't digest so it reaches the large intestine, where it can help fuel multiple beneficial biological processes.

This includes both direct weight-loss and helping to curb conditions that can contribute to piling on pounds in the first place.

Fibre falls into two main types, insoluble and soluble, both of which can contribute to slimming down in different ways.


Oats, as well as rice and mushrooms, are a rich source of a type of soluble fibre called beta-glucan.

Insoluble fibre is the indigestible plant matter we can't readily absorb, like fruit and vegetable skins, and is also found in wholemeal foods.

Eating this fibre naturally slows down digestion and makes the extraction of glucose, and therefore energy, a more gradual process helping to curb cravings.

Nutritionist Laura Southern, of London Food Therapy, told The Times: 'You're not getting blood sugar spikes.

This reduces cravings, making it easier to resist sugary food and lowers the risk of constant high blood sugar leading to high insulin and diabetes.'

Recent studies have also found that dieters who opted for high fibre diets reported greater weight-loss than their peers.

One, which involved tracking 43 participants over three months, found the 27 who followed a high-fibre diet lost more weight than 16 controls despite their overall calorie intake being similar.

Another, that was authored by Professor Tim Spector — founder of the ZOE diet app and nutrition expert based at King's College London — also found those on high fibre diets produced less of a bile acid called isoUDC, which is linked to increased appetite.

Professor Spector said this is believed to be a result of fibre helping support a healthy gut microbiome, the collection of beneficial bacteria that live in our digestive system.

'The gut microbiome and its chemical products such as these bile acids hold huge promise for reducing obesity without the need for invasive surgery,' he said.

Another type of fibre, soluble fibre, which is commonly found in foods like oats has also been linked to helping weight-loss.

Unlike insoluble fibre, this form can be digested by us and forms a gel like substance in the gut, attracting water.

It not only helps to keep stools soft, but also produces a variety of health benefits via the bacteria that feed on it.

This includes leptin, a hormone that makes us feel full, as well as glucagon-like peptide 1, (GLP-1) which suppresses appetite.

The latter works in a similar way to semaglutide, the active ingredient in fat-busting jabs like diabetes drug Ozempic and weight-loss medication Wegovy.

Oats, as well as rice and mushrooms, are a rich source of a type of soluble fibre called beta-glucan.

A study on rodents published this July found those given a beta-glucan supplement to their feed showed both less weight gain and healthier blood-sugar levels.

While fruit and vegetables, as well as wholemeal carbohydrates like brown rice, are good sources of fibre, there are supplements that can also increase your uptake.

These often contain psyllium which is made from husks of the seeds of a plant with the same name. This provides a source of both soluble and insoluble fibre.

Using psyllium as a 'natural Ozempic' went viral on social media earlier this year after American medic Dr Enaka Yembe described it as the 'poor man's' version of the injections.

Some studies have shown that psyllium can help people lose weight, though nutrition experts have told Mail Online it's not a miracle cure and won't work by itself, and people will still need to diet while taking it.

Despite the benefits of fibre, which also include reducing the risk of illnesses such as diabetes, heart disease, cancer and Alzheimer's, most of us aren't having enough.

The latest data from the British Dietetic Association suggests the average Brit consumes just 18g per day, far lower than the 30g recommended by the NHS guideline.

And, according to the industry Food and Drink Federation, less than one in ten adults are hitting the 30g per day target.

However, it's important not to over do it. Experts warn too much too soon could leave you feeling bloated.

Ms Southern said: 'When people say fibre gives them a stomach ache it's often because they're eating too much too quickly. Your gut needs time to adapt.'

**Mail Online**

# အရှေ့အလယ်ပိုင်းမှာ အမေရိကန်ရှုပ်ခဲ့သမျှ ဝင်ရှင်းပေးရတော့မယ့် တရုတ်




ဂျိုးဘိုင်ဒင်တစ်ယောက် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအပြီးမှာ ကတိပြုခဲ့တဲ့စကားတစ်ခွန်းရှိပါတယ်။ အဲဒါကတော့ အမေရိကန်ပြည်ထောင်စုကို ပြန်လည်တည်ဆောက်မယ်၊ နိုင်ငံကို လူရှိသေရှင်ရိုသေဖြစ်အောင်ပြန်လုပ်မယ်၊ နိုင်ငံစည်းလုံးရေးကို အဓိကဦးစားပေးမယ်ဆိုတာပါပဲ။

အဲဒီနောက်ပိုင်းမှာတော့ သူဟာအမေရိကန်ပြည်ထောင်စုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာအမြင်အသစ်တစ်ခုကို တင်ပြခဲ့ပြီး "အမေရိကန်ပြန်လာပြီ။ သံတမန်ရေးက နိုင်ငံခြားရေးမူဝါဒရဲ့ မဏ္ဍိုင်ဖြစ်လာပြီ" လို့ အမေရိကန်သံတမန်များရှေ့မှောက်မှာ ဟစ်ကြွေးခဲ့ပါသေးတယ်။

ဒါ့အပြင် အမေရိကန်နိုင်ငံသည်သာလျှင် ကမ္ဘာ့နိုင်ငံများကအားကိုးအားထားပြုရလောက်တဲ့ နိုင်ငံအဖြစ်ကိုရောက်ရှိနေပြီဖြစ်ကြောင်း၊ အမေရိကန်က တရုတ်နိုင်ငံနဲ့ယှဉ်ပြိုင်နေရကြောင်း အစရှိတဲ့ စကားလုံးလှလှလေးတွေနဲ့ ပြည်သူများရဲ့အာရုံကို ဖမ်းစားခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံတော်တော်များများကလည်း ဂျိုးဘိုင်ဒင်ရဲ့စကားလုံးတွေထဲမှာ တမေ့တမြော မေ့မြောလာရပါတယ်။

အဲဒီနောက် အချိန်အားဖြင့်လေးနှစ်ကြာပြီးတဲ့အချိန်၊ ဂျိုးဘိုင်ဒင်အနေနဲ့လည်း သူ့ရဲ့ရာထူးနေရာမှာ လပိုင်းမျှသာကျန်ရှိတော့တဲ့အချိန်မှာ အမေရိကန်ရဲ့ ကမ္ဘာတစ်ဝန်းရပ်တည်မှုကဘေားရန်များနဲ့ရင်ဆိုင်လာရပါတယ်။ သူကတော့ သံတမန်ရေးကနိုင်ငံခြားရေးမူဝါဒရဲ့မဏ္ဍိုင်ဖြစ်လာပြီလို့ ကြွေးကြော်ခဲ့သော်လည်း လက်ရှိအရှေ့အလယ်ပိုင်းအရေးကိုကြည့်မယ်ဆိုရင် အမေရိကန်ရဲ့သံတမန်ရေးအားနည်းချက်က ဘယ်လောက်အထိဆိုးဝါးနေတယ်ဆိုတာကို မြင်တွေ့ရမှာပါ။

အရင်ဆုံး ဂျိုးဘိုင်ဒင်တစ်ယောက် အာဖဂန်ကနေ တပ်တွေကို ရုတ်တရက်ကြီးဆုတ်ခွာလိုက်တယ်။ ခွာစစ်စီမံချက်တောင် မရှိလိုက်သလိုပါပဲ။ သူ့ရဲ့လွဲမှားတဲ့စီမံခန့်ခွဲမှုတွေကြောင့် အရှေ့အလယ်ပိုင်းမှာ ဒေသတွင်းစစ်ပွဲဖြစ်ပွားရတဲ့အထိဖြစ်လာရပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ကမ္ဘာ့တောင်ခြမ်းမှာရှိတဲ့နိုင်ငံတွေက အမေရိကန်နဲ့ကွေ့ကွင်းလာကြသလို ရေရှည်မှာ တရုတ်ကိုယှဉ်ပြိုင်မယ်ဆိုတဲ့ သူ့ရဲ့ကြိုးပမ်းမှုတွေကလည်း ပျက်စီးလုနီးပါးဖြစ်လာရပါတော့တယ်။

သူ့အရင်သမ္မတအဆက်ဆက်ဟာ အထိအခိုက်မခံတဲ့အရှေ့အလယ်ပိုင်းအရေးကို အဓိကဦးစားပေးပြီး တည်ငြိမ်အောင်ဆောင်ရွက်သွားကြသူတွေဖြစ်ပါတယ်။ အနီးဆုံးကိုပြပါဆိုရင် ဘားရက်အိုဘားမားပေါ့။ သူကအီရန်နဲ့နျူကလီးယားသဘောတူညီချက်တစ်ရပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

ဒေါ်နယ်ထရမ့်လက်ထက်ကျတော့လည်း အစ္စရေးနဲ့ပါလက်စတိုင်းတို့ကြားက ပဋိပက္ခကို ပြေလည်နိုင်စေဖို့အတွက် အေဘရာဟမ်သဘောတူညီချက်နဲ့ ဖုံးဖုံးဖိဖိလုပ်ဆောင်ခဲ့သလို အစ္စရေးနဲ့ဒေသတွင်းအစိုးရအဖွဲ့များကြား ပုံမှန်ဆက်ဆံရေးတွေရရှိနိုင်စေဖို့အတွက် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဂျိုးဘိုင်ဒင်လက်ထက်မှာတော့ အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးဟာ စစ်မီးစစ်လျှံတွေတောက်လောင်ပြီး ကပ်ဆိုးကြီးတစ်ခုကိုပင် ဖြစ်လာစေခဲ့တာပါ။

ဂျိုးဘိုင်ဒင်လက်ထက်မှာ အီရန်နဲ့နျူကလီးယားသဘောတူညီချက်ကို ပြန်လည်သုံးသပ်ဆွေးနွေးမှုတွေမလုပ်နိုင်ခဲ့ပါဘူး။ ဒီအခြေအနေကပဲ အမေရိကန်ကို ဟိုးအောက်ဆုံးအထိဆွဲချသွားတာလို့ပြောရင် မှားမယ်မထင်ပါဘူး။ နောက်ထပ်တစ်ချက်က စည်းမျဉ်းကိုအခြေခံသောကမ္ဘာ့အစီအစဉ်ကိုဖော်ဆောင်နေပါတယ်လို့ဆိုတဲ့ အမေရိကန်ရဲ့လက်အောက်မှာ အစ္စရေးကကျူးလွန်တဲ့စစ်ရာဇဝတ်မှုတွေအပေါ် စုံစမ်းဖော်ထုတ်ခွင့်တောင်မှမရခဲ့ပါဘူး။

တစ်နည်းပြောရမယ်ဆိုရင် ဂျိုးဘိုင်ဒင်လက်ထက်မှာ အရှေ့အလယ်ပိုင်းဒေသက နိုင်ငံတကာတရားဥပဒေကိုမထီမဲ့မြင်ပြုပြီး မြုပ်နှံရာနေရာဖြစ်မှန်းမသိဖြစ်လာနေပါပြီ။ ဂါဇာကနေဘေရွတ်အထိ အရပ်သားသေဆုံးမှုတွေ၊ ထိခိုက်ဒဏ်ရာရမှုတွေကတောင်လိုပုံနေချိန်မှာ ဂျိုးဘိုင်ဒင်ရဲ့အစိုးရအဖွဲ့ကတော့ သူ့ရဲ့လက်နက်တွေကို အစ္စရေးဆီထောက်ပံ့ပေးနေတုန်းပါပဲ။

လက်ရှိအမေရိကန်ရဲ့လုပ်ရပ်တွေက ကြောင်အိုလို့ကြွက်မလေးတဲ့အနေအထားကို ဆိုက်ရောက်မှန်းမသိဆိုက်ရောက်လာနေပါတယ်။ အပစ်အခတ်ရပ်စဲရေးကိုတွင်တွင်အော်နေပေမယ့် သူ့စကားကိုဘယ်သူကမှနားမထောင်ကြတော့ပါဘူး။ အရှေ့အလယ်ပိုင်းမှာ ဘက်စုံစစ်ပွဲဖြစ်ပွားမှုကိုတားမြစ်ဖို့ကြိုးစားရင်းကနေ တစ်ဖက်မှာအီရန်နဲ့စစ်ရေးအရထိပ်တိုက်တွေ့ဆုံမှုတွေဆီ လျှောက်လှမ်းနေပြန်ပါတယ်။

တကယ်လို့များ အစ္စရေးက အီရန်ရဲ့အရေးပါတဲ့ အခြေခံအဆောက်အဦတွေနဲ့ နျူကလီးယားစက်ရုံတွေကိုတိုက်ခိုက်လာမယ်ဆိုရင် ပင်လယ်ကွေ့ဒေသမှာရှိတဲ့ အမေရိကန်ရဲ့အကျိုးစီးပွားတွေပါ ပျက်စီးစေရမယ်လို့လည်း အီရန်ကအကြိမ်ကြိမ်သတိပေးထားပါတယ်။ အဲဒီလိုပျက်စီးမယ့်အထဲမှာ ကမ္ဘာ့စွမ်းအင်ထောက်ပံ့ရေးလမ်းကြောင်းကြီးတစ်ခုလုံးလည်း ပါဝင်သွားနိုင်ပါတယ်။ ဟော်မုရေလက်ကြားကိုပြောတာပါ။

ဒီအချိန်မှာ အမေရိကန်ဟာ အရှေ့အလယ်ပိုင်းနဲ့ ပတ်သက်ပြီး ရှေ့ကိုလည်းဆက်မတိုးနိုင်၊ နောက်ကိုလည်းမဆုတ်နိုင်တော့တဲ့အခြေအနေဖြစ်လာစဉ်မှာပဲ တရုတ်နိုင်ငံကတော့ အမေရိကန်ရှုပ်ထားသမျှကို ဖြေရှင်းပြီး ကမ္ဘာ့ခေါင်းဆောင်နေရာကိုတက်လှမ်းဖို့အတွက် အသင့်ဖြစ်နေပါပြီ။ တရုတ်နိုင်ငံက ပါလက်စတိုင်းအရေးကိုသာမက အစ္စလာမ်မစ်နိုင်ငံများနဲ့ ဆက်ဆံရေးမှာ ကျွမ်းကျင်မှုရှိတာကိုတွေ့လာရပါတယ်။ ဒီလိုမျိုးကျွမ်းကျင်မှုတွေကြောင့်ပဲ အစ္စလာမ်မစ်အင်အားကြီးနိုင်ငံများနဲ့ နီးကပ်တဲ့မဟာဗျူဟာမြောက်ဆက်ဆံရေးကိုထူထောင်လာနိုင်တော့မှာပါ။

အမေရိကန်နဲ့တရုတ်တို့ကြား ယှဉ်ပြိုင်တဲ့အခါ တရုတ်နိုင်ငံက အရှေ့အလယ်ပိုင်းမှာသာမက ကျန်နယ်ပယ်များမှာလည်း အပြုသဘောဆောင်တဲ့နိုင်ငံရေးဇာတ်ဆောင်တစ်ဦးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းနိုင်တဲ့ မိတ်ဖက်ကောင်းတစ်ဦးအဖြစ် ရပ်တည်လာနိုင်နေပါပြီ။ တကယ်လို့များ တရုတ်အစိုးရက ယူကရိန်းအရေးနဲ့ အရှေ့အလယ်ပိုင်းအရေးတို့မှာ တိုက်ရိုက်ပါဝင်ပတ်သက်ပြီးဖြေရှင်းပေးလိုက်နိုင်တယ်ဆိုရင် ကမ္ဘာ့စင်မြင့်ပေါ်မှာ အမေရိကန်ရဲ့နေရာကပျောက်ကွယ်သွားနိုင်ပါတယ်။

အမေရိကန်ကတော့ ကမ္ဘာ့ထိပ်တန်းနေရာမှာရှိတဲ့ပြိုင်ဘက်နိုင်ငံကြီးများနဲ့ တစ်ချိန်တည်းတစ်ပြိုင်တည်းမှာ စစ်မျက်နှာတွေဖွင့်လှစ်ဖို့အတွက် စွမ်းနိုင်တော့မှာမဟုတ်ပါဘူး။ တစ်ဖက်မှာလည်း တရုတ်နိုင်ငံက အမေရိကန်ကိုသူ့ရဲ့စစ်နယ်ဝန်းများနဲ့ပိုမိုဝေးကွာလာစေဖို့အတွက် ရုရှားနဲ့အီရန်တို့ကိုမဟာဗျူဟာမြောက်ထောက်ပံ့မှုတွေ တိုးမြှင့်ပေးအပ်လာနိုင်ပါတယ်။

လွန်ခဲ့တဲ့လေးနှစ်က အမေရိကန်သမ္မတအဖြစ် ဂျိုးဘိုင်ဒင်ထွက်ပေါ်လာချိန်မှာ အမေရိကန်ရဲ့သံတမန်ရေးကို တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်လေပြီ ဖြစ်တဲ့အပြင် ဖွံ့ဖြိုးတိုးတက်လာနေတဲ့တရုတ်နိုင်ငံကိုလည်း နောက်ကောက်ကျအောင်လုပ်နိုင်လိမ့်လေမလားလို့ တွေးထင်ခဲ့ဖူးကြပါလိမ့်မယ်။ ဒါပေမဲ့လည်း လက်တွေ့မှာတော့ ဒီလိုမဖြစ်ခဲ့ပါဘူး။

အမေရိကန်အစိုးရဟာ ပြဿနာတွေကိုဖြေရှင်းမယ်ဆိုတဲ့အကြံအစည်နဲ့လုပ်ဆောင်ပေမယ့်လည်း ပြဿနာတွေကြားထဲမှာသာပိတ်မိနေခဲ့ရတဲ့အတွက် တရုတ်နိုင်ငံရဲ့အင်အားကြီးထွားမှုကို မသိမသာခွင့်ပြုပေးနေရတဲ့အနေအထားမျိုးဖြစ်လာတာဖြစ်ပါတယ်။ အခုလည်း အရှေ့အလယ်ပိုင်းနဲ့ပတ်သက်ပြီး အမေရိကန်ကမရှင်းတတ်တော့ပါဘူး။ တရုတ်ကပဲကြားဝင်ခြင်းဖြင့် ကမ္ဘာ့ခေါင်းဆောင်နေရာကိုရယူသွားတော့မှာဖြစ်ပါတယ်။ **Ref: SCMP**

ထက်မြတ်

## MILITARY

# Elbit Systems က နည်းဗျူဟာမြောက်ဆက်သွယ်ရေးစက်ကို ထုတ်ဖော်ပြသ

Elbit Systems က သူတို့ရဲ့နောက်ဆုံးပေါ် နည်းဗျူဟာမြောက်ဆက်သွယ်ရေးစက်တစ်မျိုးကို အောက်တိုဘာလ ၃၁ ရက်မှာ ထုတ်ဖော်ပြသလိုက်ပါတယ်။ ဆက်သွယ်ရေးစက်ရဲ့နာမည်က E-LynX SR ပါ။ သူ့ကို လန်ဒန်မြို့မှာကျင်းပတဲ့ International Dismounted Soldier Conference မှာထုတ်ဖော်မိတ်ဆက်ခဲ့တာပါ။

ခေတ်သစ်စစ်ပွဲများရဲ့လိုလားချက်နဲ့အညီဖြစ်စေဖို့အတွက် အဆင့်မြှင့်တင်ပြင်ဆင်ဆန်းသစ်မှုတွေနဲ့ အတူထုတ်လုပ်ပေးထားတဲ့ E-LynX SR က လိုင်းမျိုးစုံအသုံးပြုလို့ရနိုင်သလို စစ်မြေပြင်ဆက်သွယ်ရေးမှာ သိသာထင်ရှားတဲ့စွမ်းဆောင်ရည်ကိုပြသနိုင်စွမ်းရှိတယ်လို့ ဆိုပါတယ်။

သူ့ရဲ့အလေးချိန်ကပေ့ါပါးတယ်။ အသုံးပြုရတာလွယ်ကူတယ်။ လက်ရှိအသုံးပြုနေဆဲဖြစ်တဲ့ E-LynX ဆက်သွယ်ရေးစက်တွေနဲ့လည်း တွဲဖက်အသုံးပြုနိုင်သလို အခြားသောကွန်ရက်တွေနဲ့ချိတ်ဆက်အသုံးပြုနိုင်တာကြောင့် စစ်သည်တစ်ဦးချင်းအတွက်သာမက တပ်ဖွဲ့တစ်ခုလုံးအတွက်ပါ စစ်မြေပြင်တစ်ဝန်း ဆက်သွယ်မှုကို အကောင်းဆုံးပေးစွမ်းနိုင်မယ်လို့လည်းဆိုထားပါတယ်။

ခေတ်သစ်စစ်ပွဲမှာ စက်ရုပ်တွေကလည်းမပါမဖြစ်ပါလာတာကြောင့် E-LynX SR အနေနဲ့ လူလုပ်ဆက်သွယ်ရေး ဒါမှမဟုတ် စက်ရုပ်များနဲ့ လူမဲ့ဆက်သွယ်ရေးလမ်းကြောင်းများကိုဖန်တီးနိုင်ပါသေးတယ်။ ဒါတင်မကသေးပါဘူး။ လှိုင်းနှောင့်ယှက်မှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိကာ ကြားဝင်နှောင့်ယှက်မှုတွေမရှိစေတဲ့အပြင် ဂြိုဟ်တုစနစ်နဲ့ဆက်သွယ်ရေးကိုလည်းဖော်ဆောင်ပေးနိုင်တယ်လို့ ဆိုထားပါတယ်။ Ref: AR K.H



# မြောက်ကိုရီးယားက ရန်ဘက်များကိုသတိပေးသည့်အနေဖြင့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း၊ စစ်ရေး**

မြောက်ကိုရီးယားနိုင်ငံက ဒေသတွင်းရှိရန်ဘက်များကိုသတိပေးသည့်အနေဖြင့် အောက်တိုဘာလ ၃၁ ရက်တွင် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း နိုင်ငံပိုင် KCNA သတင်းဌာနကဖော်ပြထားသည်။

ထိုသို့စမ်းသပ်ပစ်လွှတ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်၏အမိန့်အရလုပ်ဆောင်ခြင်းဖြစ်ပြီး အလွန်အရေးပါသောဆောင်ရွက်ချက်ဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

မြောက်ကိုရီးယားတာဝန်ရှိသူများက ယခုပစ်လွှတ်သော တိုက်ချင်းပစ်ဒုံးကျည်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောထားခြင်းမရှိသော်လည်း ယခုကဲ့သို့ပစ်လွှတ်မှုက ကမ္ဘာပေါ်တွင်စွမ်းဆောင်ရည်အမြင့်ဆုံးသော မဟာဗျူဟာမြောက်ဟန့်တားမှုကို ဖော်ကျူးပြသနေခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူကဆက်ပြောသည်။

တစ်ချိန်တည်းမှာပင် အဆိုပါဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် ပြိုင်ဘက်ရန်သူများကို သတိပေးနိုင်စေရေးအတွက်အထိရောက်ဆုံးသောလုပ်ဆောင်ချက်ဖြစ်ပြီး ထိုပြိုင်ဘက်ရန်သူများသည် ဒေသတွင်းတင်းမာမှုများကိုမြင့်တက်စေရန် နိုင်ငံအပေါ်ခြိမ်းခြောက်မှုများ မကြာခဏလုပ်ဆောင်နေကြောင်း ကင်ဂျုံအွန်ကပြောထားသည်။

တောင်ကိုရီးယားနှင့်ဂျပန်တာဝန်ရှိသူများ၏ပြောဆိုချက်အရဆိုလျှင် အဆိုပါဒုံးကျည်၏ပျံသန်းချိန်မှာ ၈၇ မိနစ်အထိရှိကြောင်း၊ အမြင့်မီတာ ၇၀၀၀ အထက်အထိတက်သွားပြီး အလျားလိုက်အနေဖြင့် ကီလိုမီတာ ၁၀၀၀ အထိပျံသန်းကာ အရှေ့ပင်လယ်အတွင်းကျရောက်သွားကြောင်း၊ ယခင်စမ်းသပ်ပစ်ခတ်မှုတွင် ဒုံးကျည်ပျံသန်းချိန် ၇၃ မိနစ်သာကြာသောကြောင့် ယခုစမ်းသပ်မှုမှာ အဝေးဆုံးသို့ရောက်ရှိသော တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုဖြစ်လာပြီဖြစ်ကြောင်း ပြောထားသည်ဟုသိရသည်။

**Ref: RT**



# အမေရိကန်က တောင်ကိုရီးယားသို့ နျူကလီးယားလက်နက်များထောက်ပံ့ပေးရန်အသင့်ရှိ

**ဝါရှင်တန်ဒီစီ၊ စစ်ရေး**

အမေရိကန်က တောင်ကိုရီးယားသို့ နျူကလီးယားလက်နက်များထောက်ပံ့ပေးရန်အသင့်ရှိကြောင်း ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က အောက်တိုဘာလ ၃၀ ရက်တွင်ပြောသည်။

ထို့အတူ နျူကလီးယားမဟုတ်သောလက်နက်များကိုလည်းထောက်ပံ့ပေးမည်ဖြစ်သည့်အပြင် တောင်ကိုရီးယားနိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ အကြီးစားစစ်ရေးလေ့ကျင့်ခန်းများလုပ်ဆောင်မှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွိုက်အော်စတင်ကတောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံပြီးနောက် သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

ဒေသတွင်း၌ တင်းမာမှုများမြင့်တက်စေသည့် အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် မြောက်ကိုရီးယားနိုင်ငံကို ကျူးကျော်ရန်လေ့ကျင့်နေခြင်းသာဖြစ်ကြောင်း မြောက်ကိုရီးယားက ရှုမြင်ထားသည်။ **Ref: RT**




# ဥရောပပြည်သူများ နျူကလီးယားကပ်ဘေးအတွက် ကြိုတင်ပြင်ဆင်ထားသင့်ဟုဆို

**ဟယ်ဆင်ကီ၊ စစ်ရေး**

ဥရောပသမဂ္ဂတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအနေဖြင့် နျူကလီးယားကပ်ဘေးအတွက်သာမက အခြားသောကပ်ဘေးများအတွက် စားနပ်ရိက္ခာများကို ကြိုတင်ပြင်ဆင်ထားသင့်သည်ဟု ဖင်လန်နိုင်ငံ သမ္မတဟောင်း ဆောလီနီနစ္စတိုက သတိပေးထားသည်။

ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ပဋိပက္ခများအတွက် အခြေခံရိက္ခာများနှင့်လိုအပ်သည်များကို အနည်းဆုံးသုံးရက်စာ ကြိုတင်ဖြည့်တင်းထားသင့်ကြောင်း၊ သို့မှသာ တွေ့ကြုံလာရမည့်အန္တရာယ်များမှ ခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း ဆောလီနီနစ္စတိုကဆက်ပြောသည်။

ထိုကပ်ဘေးများတွင် ဆိုက်ဘာတိုက်ခိုက်မှု၊ ဓာတုလက်နက်၊ ဇီဝလက်နက်၊ ရေဒီယိုဓာတ်ရောင်ခြည်လက်နက်နှင့် နျူကလီးယားလက်နက်တို့အထိ ပါဝင်နိုင်ကာ ယနေ့အချိန်အခါသည် ခလုတ်တစ်ချက်နှိပ်လိုက်ရုံဖြင့် မြို့ကြီးများအားလုံးအမှောင်အတိ ဖုံးသွားစေနိုင်သည့်အခြေအနေဖြစ်နေကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောထားသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

# ရုရှားယူကျူချန်နယ်များကိုပိတ်သည့်ဂူဂဲ အမေရိကန်ဒေါ်လာ ဒက်စီလီယံ ၂၀ ဒဏ်ရိုက်ခံရ

ရုရှားက လွှင့်တင်ထားသည့် ယူကျူချန်နယ်များကိုပိတ်သော ဂူဂဲကုမ္ပဏီကို ရုရှားအစိုးရက အမေရိကန်ဒေါ်လာဒက်စီလီယံ ၂၀ ဒဏ်ရိုက်လိုက်ကြောင်းသိရသည်။ ထိုကဲ့သို့များပြားလှသောပမာဏဖြင့် ဒဏ်ရိုက်ခြင်းကြောင့် ဂူဂဲအနေဖြင့် မှတ်လောက်သားလောက်ဖြစ်သွားမည်ဟုယုံကြည်ကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပတ်စကော့က အောက်တိုဘာလ ၃၁ ရက်တွင်ပြောသည်။

ဒက်စီလီယံဆိုသည်မှာ ၁ နောက်တွင် သုည ၃၃ လုံးပါသည့်ပမာဏဖြစ်ပြီး ထရီလီယံတွင်ပင် သုည ၁၂ လုံးသာပါရှိသောကြောင့် ယခုဒဏ်ရိုက်မှုက အလွန်များပြားလှသည့်ပမာဏဖြစ်သည်။

ယခုကဲ့သို့ဒဏ်ရိုက်ခြင်းသည် ရုရှား၏ယူကျူချန်နယ်များကို ပိတ်ခြင်းကြောင့် ရုရှားဘက်ကဆုံးရှုံးရသည့်ပမာဏနှင့် အညီသာဖြစ်ကြောင်း၊ ထို့ကြောင့် ပိတ်ထားသည့်အကောင့်များကိုပြန်ဖွင့်ပေးရမည်ဖြစ်ကြောင်းနှင့် သို့မဟုတ်ပါကဒဏ်ကြေးငွေမှာ နေ့စဉ်နှင့်အမျှမြင့်တက်နေမည်ဖြစ်ကြောင်း ရုရှားတရားရုံး၏ထုတ်ပြန်ချက်တွင်တွေ့ရသည်။ **Ref: Sputnik**

# တရုတ်က လေယာဉ်တင်သင်္ဘောနှစ်စင်းပါပုံစံများဖြင့် ပထမဆုံးသောစစ်ရေးလေ့ကျင့်မှုပြုလုပ်

တရုတ်ရေတပ်က ၎င်းတို့၏လေယာဉ်တင်သင်္ဘောနှစ်စင်းဖြစ်သော လျောင်နင်နှင့်ရှန်တုန်တို့ပါဝင်သော လေယာဉ်တင်သင်္ဘောနှစ်စင်းပါပုံစံများဖြင့် ပထမဆုံးသော စစ်ရေးလေ့ကျင့်မှုကို တောင်တရုတ်ပင်လယ်၌လုပ်ဆောင်ကြောင်း ရေတပ်၏အောက်တိုဘာလ ၃၁ ရက်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုစစ်ရေးလေ့ကျင့်ခန်းကိုလုပ်ခြင်းသည် လေယာဉ်တင်သင်္ဘောအုပ်ဖွဲ့ပုံစံများဖြင့် စုပေါင်းတိုက်ပွဲဝင်စွမ်းရည်တိုးတက်စေရန်ဖြစ်ကြောင်း၊ လျောင်နင်လေယာဉ်တင်သင်္ဘော၏ ပုံမှန်တိုက်ပွဲဝင်လေ့ကျင့်မှုများတွင် ယခုစစ်ရေးလေ့ကျင့်ခန်းလည်း တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်နေကြောင်း ရေတပ်၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

လျောင်နင်တစ်စင်းတည်း၏လေ့ကျင့်ခန်းကို ပင်လယ်ဝါ၊ အရှေ့တရုတ်ပင်လယ်နှင့်တောင်တရုတ်ပင်လယ်တို့အပါအဝင် ပင်လယ်ရေပြင်များတွင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ **Ref: Xinhua**

# အမေရိကန်၌ ဝက်တွင်ကြက်ငှက်တုပ်ကွေးရောဂါ ပထမဆုံးဖြစ်ပွားမှုရှိ

အမေရိကန်ပြည်ထောင်စု၌ ဝက်တစ်ကောင်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ပထမဆုံးဖြစ်ပွားမှုရှိကြောင်း စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက အောက်တိုဘာလ ၃၀ ရက်တွင်အတည်ပြုထုတ်ပြန်သည်။

အော်ရီဂွန်ပြည်နယ်၏ ဝက်မွေးမြူရေးခြံတစ်ခုရှိ ဝက်တစ်ကောင်တွင် H5N1 အမျိုးအစား ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်ခံရသည်ကို ပြီးခဲ့သည့်သီတင်းပတ်၌တွေ့ရခြင်းဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဌာနကထုတ်ပြန်ထားသည်။

ထို့ကြောင့် အခြားသောမွေးမြူရေးခြံများသို့ အဆိုပါရောဂါပိုးကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ရောဂါပိုးကူးစက်မှုဖြစ်ပွားသော မွေးမြူရေးခြံကိုပိတ်ထားပြီဖြစ်ကြောင်း၊ ထိုမွေးမြူရေးခြံရှိသိုးများနှင့်ဆိတ်များအပါအဝင် အခြားတိရစ္ဆာန်များသို့ ထိုရောဂါပိုးကူးစက်ခြင်းရှိ၊ မရှိသေချာစေရန် စောင့်ကြည့်မှုများလုပ်ဆောင်နေကြောင်း စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနကပြောသည်။ ထို့ပြင် ယင်းမွေးမြူရေးခြံသည် စီးပွားဖြစ်ထုတ်လုပ်ရေးအတွက်ရည်မှန်းလုပ်ဆောင်နေသည့်ခြံမဟုတ်ကြောင်းသိရသည်။ **Ref: Xinhua**

# တိုင်ဖွန်းကောင်းရေး ထိုင်ဝမ်ကျွန်းအရှေ့တောင်ပိုင်းမှ ကုန်းတွင်းပိုင်းသို့ဝင်ရောက်

တိုင်ဖွန်းမုန်တိုင်းကောင်းရေးသည် အောက်တိုဘာလ ၃၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ထိုင်ဝမ်ကျွန်းအရှေ့တောင်ပိုင်းမှနေ၍ ကုန်းတွင်းပိုင်းသို့ဝင်ရောက်ကြောင်းသိရသည်။

မုန်တိုင်း၏ဗဟိုချက်အနီးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၈၄ ကီလိုမီတာနှုန်းရှိပြီး မုန်တိုင်းမှာတစ်နာရီလျှင် ၁၇ ကီလိုမီတာမှ ၂၄ ကီလိုမီတာကြားရွေ့လျားနေသည်ဟု မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

တိုင်ဖွန်းကောင်းရေးကြောင့် စာသင်ကျောင်းများစွာကို ပိတ်လိုက်ရသည့်အပြင် ... သာမက လေကြောင်းခရီးစဉ် ၅၂၇ ခုနှင့် ကူးတို့ယာဉ်ခရီးစဉ် ၁၃၉ ခုတို့ကို ဖျက်သိမ်းလိုက်ရသည်။

လက်ရှိတွင် မုန်တိုင်း၏အရှိန်ကြောင့် သစ်ပင်များအမြစ်မှကျွတ်ထွက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ကောင်းရေးသည် ထိုင်ဝမ်ကျွန်းအတွက် ယခုနှစ်အတွင်းတိုက်ခတ်သည့် သုံးလုံးမြောက်မုန်တိုင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ **Ref: Xinhua**

# အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၇၃ ဦး၊ သင်တန်းသူ ၂၈၄ ဦး စုစုပေါင်း ၃၅၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် အောက်တိုဘာ ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့်မြန်မာနိုင်ငံသူ မခင်သက်မာဝင်းအား အမိနိုင်ငံသို့အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိမြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာလ ၂၉ ရက်တွင် Baghdad – Shargah – Bangkok – Yangon ခရီးစဉ်ဖြင့်ထွက်ခွာခဲ့ပြီး အောက်တိုဘာလ ၃၀ ရက် ည ၈ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ဓာတ်ပုံ-ကနူး၊ ညီမင်းသူ(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚င | / | ၃၃.၆˚င |
| ရန်ကုန် | ၂၅˚င | / | ၃၄.၀˚င |
| မန္တလေး | ၂၅˚င | / | ၃၄.၈˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**မိုးထစ်ချုန်း ရွာနိုင်**

နေပြည်တော် အောက်တိုဘာ ၃၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ ‌သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေါ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန်များ နှစ်စဉ်ထုတ်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်သွားကြရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၃၁

ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန် (Event Calendar) များကို နှစ်စဉ်ထုတ်ဝေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီမှဆုံးဖြတ်ပေးရမည့် အမှာစာများကို ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လုပ်ငန်းလိုင်စင်များထုတ်ပေးထားရှိမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု၊ ခရီးစဉ်ဒေသအသစ်များနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်ဆောင်ရွက်မှု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဇော်စိုး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ ခရီးသွားဈေးကွက်မြှင့်တင်ရေး၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအခြေခံ အဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (B.Ed) (၅)နှစ်သင်တန်းအမှတ်စဉ်(၁၂) တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအား ထောက်ပံ့ငွေပေးအပ်

ပဲခူး အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (B.Ed) (၅)နှစ်သင်တန်းအမှတ်စဉ်(၁၂)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း) ပထမနှစ် တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအား ထောက်ပံ့ငွေပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (B.Ed) (၅)နှစ်သင်တန်းအမှတ်စဉ်(၁၂)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း) ပထမနှစ်တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (B.Ed) (၅)နှစ်သင်တန်းအမှတ်စဉ်(၁၂)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း) ပထမနှစ်တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများကို ထောက်ပံ့ငွေကျပ် ၄၆ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။




ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)သို့ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး၊ ဖွံ့ဖြိုးရေးတက္ကသိုလ်(ရန်ကုန်)သို့ သင်တန်းသား၊ သင်တန်းသူနှစ်ဦး၊ ဒီဂရီကောလိပ်သို့ သင်တန်းသား၊ သင်တန်းသူနှစ်ဦး စုစုပေါင်း ၁၄ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၁)တင်စိုး(ပဲခူး)

**❍ ကျောဖုံးမှအဆက်**

အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ထက်ဝေယံ၊ ဇော်ဇော်ထိုက်နှင့် စောမင်းငြိမ်းတို့က သွင်းယူပေးနိုင်ခဲ့ကာ ရှောဝတီရိုန်းဂျား အသင်းအတွက် သွင်းဂိုးကို ကျော်ထက်က သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို University အသင်းမှ ထက်ဝေယံက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ကစားခဲ့ရာ ရာမညယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို စောမြင့်နိုင်၊ ဖူးခန့်ကျော်၊ သူရစံ၊ Glory Goal အသင်းအတွက် သွင်းဂိုးများကို တင်ဝင်းအောင်၊ သော်ဇင်အောင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရာမညယူနိုက်တက်အသင်းမှ သူရစံက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

## နေရာကွက်ကျားမိုးရွာမည်

နေပြည်တော် အောက်တိုဘာ ၃၁

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

# ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာ ၂ ရွာကို မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် စစ်ကြောင်းထိုးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အောက်တိုဘာလ ၃၀ ရက်နေ့က ကျေးရွာ ၂ ရွာကို ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူ ၃၀ ကျော်ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားကာ မုံလှရွာရှိ ခရစ်ယာန်ဘုရားကျောင်းကို ဒရုန်းဖြင့် ဗုံးကြဲဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိကြောင်းတွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့်အဆိုပါရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာများဝန်းကျင်တွင် လုံခြုံရေးဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားကာ လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၁၀၀)



# မြစ်ကြီးနားမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကံပြောင်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အရှေ့ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဝဝဝ)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်ထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဧည့်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် ၂၀၄ သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဝဝဝ)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိတပ်နယ်အသီးသီး၌လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဝဝဝ)




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့်ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။

# ရွှေတောင်မြို့နယ်၌ ပဲမျိုးစုံသီးနှံ ၃၃၀၁၇ ဧက လျာထားစိုက်ပျိုးသွားမည်

**ရွှေတောင် အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ တောင်သူများအနေဖြင့်ဒေသတွင်း ပဲမျိုးစုံဖူလုံပိုလျှံရန်အတွက် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ ၃၃၀၁၇ ဧက စိုက်ပျိုးနိုင်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိပြီး ပဲမျိုးစုံသီးနှံစိုက်ခင်းများ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင်မတ်ပဲ ၂၀၀၅၃ ဧက၊ ပဲတီစိမ်း ၈၃၂ ဧက၊ ထောပတ်ပဲဧက ၄၂၀၊ ဗိုလ်ကိတ်ပဲ ၃၂၀၅ ဧက၊ ကုလားပဲ ၂၄၂ ဧက၊ ပဲလွမ်းဧက ၂၀၇၀၊ ပဲကြီးဧက ၁၈၈၀၊ ပဲနောက် ၅၂၅ ဧက စုစုပေါင်း ၃၃၀၁၇ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး မတ်ပဲ ၂၄၈ ဧက၊ ပဲတီစိမ်း၁၁၃ ဧက၊ ထောပတ်ပဲ ၁၁၂ ဧက၊ ဗိုလ်ကိတ်ပဲ ဧက ၁၁၀၊ ကုလားပဲ၂၂ ဧက၊ ပဲကြီး၂၀၈ဧက စုစုပေါင်း ၁၂၁၃ ဧက စိုက်ပျိုးပြီးစီးခဲ့သည်။

တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့်သီးနှံအထွက်တိုး အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သည့် မျိုးစေ့၊ စိုက်ပျိုးရေးနည်းပညာနှင့် အထောက်အပံ့များကို တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်း(၁၁)မျိုး၊ ဓာတ်ခွဲပစ္စည်း(၁၄၁)မျိုး နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် စက်ပစ္စည်း(၃)မျိုးတို့အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် သက်တမ်းရှိကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်သွင်းလွှာတင်ဒါပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.12. Med & Med Supplies, Reagents and Equipment (3rd) (2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၃၁-၁၀-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၁၃-၁၁-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(၆၃၁)နေ ဒေါ်နှင်းနှင်းအိ (၉/တသန(နိုင်)၁၀၆၇၁၉) ကိုင်ဆောင်သူမှ (အလျား ၃၈'-၀" x အနံ ၂၅'-၀") RC (၁)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံ တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ နယ်မြေ(၈)၊ မြခရေလမ်း၊ အရှေ့လားသော် ဦးအောင်လှိုင်ဝင်းနေအိမ်၊ အနောက်လားသော် ဒေါ်ငွေးငွေးလှနေအိမ်၊ တောင်လားသော် မြခရေလမ်း၊ မြောက်လားသော် ဒူးလမ်း၊ ၎င်းအလား(၄)ရပ်အတွင်းရှိ မြေကွက်တွင် ဦးတင်ထိုက်ဝင်း (၉/မထလ(နိုင်)၂၆၅၂၁၁) ကိုင်ဆောင်သူမှ (အလျား ၄၀'-၀" x အနံ ၁၃'-၀") RC (၁)ထပ် ထပ်တိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်ကျေးရွာ အ.ထ.က(၁) Grade-11 Class-B တွင် ပညာသင်ကြားနေသော မနီနီဝင်း၏ဖခင် နိုင်ငံသားစိစစ်ရေးအမှတ် ၁၃/ဆဆန(နိုင်)၀၂၉၃၃၄ ကိုင်ဆောင်သူ ဦးလီဆင်းဟွာ၏ အမည်မှန်မှာ ဦးလီရှင်းဟွာဖြစ်ပါကြောင်း။

**ဦးလီရှင်းဟွာ**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ.ထ.က(Grade-10)သင်ဆဲ၊ ကျောင်းဝင်အမှတ်(C ၂၃၅၁) မဇင်မီမီဖြိုး၏ဖခင် ဦးစိုးကြည်ခိုင်၏အမည်မှန်မှာ ဦးဘိုနိုင် ၈/တတက(နိုင်)၁၅၇၀၆၅ ဖြစ်ပါကြောင်း။

**ဦးဘိုနိုင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ.ထ.က(Grade-10) ကျောင်းဝင်အမှတ်(C ၂၃၆၉) မဟန်ထက်စု၏ဖခင် ဦးဘိုမြင့်၏အမည်မှန်မှာ ဦးဗိုလ်မြင့် ၈/တတက(နိုင်)၀၂၁၅၄၀ ဖြစ်ပါကြောင်း။

**ဦးဗိုလ်မြင့်**

### ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ သပြေကုန်းအုပ်စု၊ သဲဖြူကွင်းရွာနေ မောင်ကျော်ကျော်နိုင်(ဘ)ဦးလှထွေး ၁၄/မအန(နိုင်)၂၅၁၉၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 454869)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့၊ ဖိုးရိုးစုကျေးရွာနေ မဝေမာအောင်(ဘ)ဦးကျော်လွင် ၇/ကဝန(နိုင်)၁၂၇၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၇၆၅၆၅၆

### ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ ၅-ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၆၆၅)နေ စည်သူလင်းဦး(ဘ)ဦးဝေလှိုင်ဦး ၄/ကပလ(နိုင်)၀၁၀၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 138560)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၅၅၉၉၁၀

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ကလိန်ခင်ကျေးရွာနေ မဥမ္မာကျော်(ဘ) ဦးကျော်မောင် ၇/ညလပ(နိုင်)၁၀၈၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၉၄၉၁၁၆

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ကလိန်ခင်ကျေးရွာနေ ဒေါ်မြင့်စိန်(ဘ)ဦးစံဖေ ၇/ညလပ(နိုင်)၀၃၃၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၉၄၉၁၁၆

### ပျောက်ဆုံးကြောင်း

စုလှိုင်မျိုးတင့်(ဘ)ဦးစိုးတင့် ၁၂/လကန(နိုင်)၁၈၁၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၆၈၃၈၁

### ပျောက်ဆုံးကြောင်း

သန့်ဆိုင်ဝင်း(ဘ)ဦးလှဝင်း ၁၂/အစန(နိုင်)၁၀၆၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၃၆၈၉၉၆၈

### ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာနေ မသန်းသန်းဌေး(ဘ)ဦးရွှေဒင်္ဂါး ၁၄/ပသန(နိုင်)၁၄၇၅၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း

တွံတေးမြို့နေ မသက်ဖြိုးနိုင်(ဘ) ဦးအောင်နိုင် ၁၂/တတန(နိုင်)၁၇၅၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၂၅၄၄၈၇

### ပျောက်ဆုံးကြောင်း

ရည်မွန်အေး(ဘ)ဦးတိုးတိုးဝင်း ၁၂/ရကန(နိုင်)၀၇၈၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 303029)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၇၂၉၄၅၆

### မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန် အ.လ.က(Grade-6) မှ မောင်ရာဇာဘို၊ (Grade-9)မှ မတွယ်တာဘိုတို့၏မိခင် ဒေါ်ကြည်ကြည်စန်း၏အမည်မှန်မှာ ဒေါ်ပိုက် ၈/တတက(နိုင်)၁၃၄၇၈၅ ဖြစ်ပါကြောင်း။

**ဒေါ်ပိုက်**

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အ.ထ.က(၃) Grade-4(A)တွင် ပညာသင်ကြားနေသော မောင်ဇွဲမင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးပြည့်မောင် ၁၂/လပတ(နိုင်)၀၃၂၄၀၀ ဖြစ်ပါကြောင်း။

**ဦးစိုးပြည့်မောင်**

### ပျောက်ဆုံးကြောင်း

နော်ဖောတာရှု(ဘ)ဦးကိုကြွက် ၇/ကတခ(နိုင်)၁၃၃၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁)ရက်
## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ (၁၈)ရက်မှ (၂၇)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

### ပျောက်ဆုံးကြောင်း

ဒေါ်သဇင်(ဘ)ဦးအောင်မြင့်စိန် ၃/မဝတ(နိုင်)၀၅၃၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ခင်ဥမ္မာကျော်(ဘ)ဦးကျော်ဝင်း ၁၂/ဒဂတ(နိုင်)၀၃၉၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ထက်ပိုင်ကျော်(ဘ)ဦးအောင်ဌေးဝင်း ၅/ဝသန(နိုင်)၀၅၃၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 261932)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၅၂၃၄၇၄၆

### ပျောက်ဆုံးကြောင်း

ခင်မို့မို့(ဘ)ဦးတင်ရီ ၁၂/ဒဂမ(နိုင်)၀၀၈၁၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 245340)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၂၄၀၇၈၆

### ပျောက်ဆုံးကြောင်း

အေးစန္ဒာမိုး(ဘ)ဦးမြင့်ကြည် ၁၂/ကမတ(နိုင်)၀၆၆၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 071136)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၅၆၇၃၃၀

### ပျောက်ဆုံးကြောင်း

အောင်မွန်(ဘ)ဦးအုန်းညွန့် ၁၂/ဗဟန(နိုင်)၀၄၀၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၀၉၇၃၅

### ပျောက်ဆုံးကြောင်း

လှလှရီ(ဘ)ဦးအောင်သာ ၁၂/ကတန(နိုင်)၀၇၃၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 750724)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၈၄၃၁၅၁၁

### ပျောက်ဆုံးကြောင်း

မမြတ်နိုးစံ(ဘ)ဦးမင်းမင်းဟန် ၁၂/ဗဟန(နိုင်)၁၁၀၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၁၄၂၅၁

### ပျောက်ဆုံးကြောင်း

ကျော်ကျော်(ဘ)ဦးတင်မောင်အေး ၁၂/ဒပန(နိုင်)၀၄၄၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၂၀၀၀၉၈

### မွေးသက္ကရာဇ်အမှန်

ပဲခူးမြို့၊ အ.ထ.က(၅)ကျောင်း၊ Grade-12(A)မှ (ဘ)ဦးစောမြင့်အောင်၏သမီး မဆုဝေအောင်၏မွေးသက္ကရာဇ်အမှန်မှာ ၂၇-၂-၂၀၀၇ ဖြစ်ပါကြောင်း။

၂၇-၂-၂၀၀၇

### ပျောက်ဆုံးကြောင်း

စောဝင်းခိုင်(ဘ)စောချစ်ထွေး ၁၂/မရက(နိုင်)၁၄၆၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ခင်ခင်စိုး(ဘ)ဦးခင်မောင်ကြီး ၈/ခမန(နိုင်)၀၁၃၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 807862)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၅၂၉၇၄၄

### ပျောက်ဆုံးကြောင်း

ဝေဖြိုးအောင်(ဘ)ဦးမြင့်အောင် ၉/ကပတ(နိုင်)၃၀၁၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျောက်တံခါးရွာနေ ထက်ထက်မိုး(ဘ)ဦးသန်းဌေး ၈/နမန(နိုင်)၂၁၅၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 629433)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၂၇၇၆၈၀

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကျောက်ချက်ရွာနေ (ဘ)ဦးအောင်နိုင်၏သမီး ၈/ဆပဝ(နိုင်)၁၂၆၃၆၂ ကိုင်ဆောင်သူကြယ်စင်နိုင်အား ကျော်စင်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ကျော်စင်နိုင်**

# မန်ယူအသင်းက လစ်လပ်နေသည့် အသင်းနည်းပြသစ်နေရာတွင် နည်းပြအမိုရင်ကို သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်မည်




မန်ချက်စတာ အောက်တိုဘာ ၃၁

မန်ယူအသင်းက နည်းပြတန်ဟတ်နှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြသစ်နေရာတွင် စပို့တင်းလစ္စဘွန်းအသင်းနည်းပြအမိုရင်ကို သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီအစပိုင်းတွင် ရလဒ်များဆက်တိုက်ဆိုးရွားခဲ့ပြီး ပြိုင်ပွဲစုံနောက်ဆုံးကစားသည့်ရှစ်ပွဲတွင် တစ်ပွဲသာအနိုင်ရရှိခဲ့သောကြောင့် ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့သော ပွဲစဉ်အပြီးတွင် နည်းပြတန်ဟတ်ကို ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက လက်ရှိယာယီနည်းပြအဖြစ် တာဝန်ပေးအပ်ထားသည့် နည်းပြဗန်နစ္စတယ်ရွိုင်းကို ယခုဘောလုံးရာသီကုန်အထိ တာဝန်ပေးအပ်ရန်ဆုံးဖြတ်ထားသော်လည်း နောက်ဆုံးတွင် အမြဲတမ်းနည်းပြအဖြစ် နည်းပြအမိုရင်ကို ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက နည်းပြတန်ဟတ်ကို ထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် အမိုရင်ကိုခန့်အပ်ရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ နည်းပြအမိုရင်ကိုယ်တိုင်ကလည်း မန်ယူအသင်း၏စီမံကိန်းများကို သဘောကျသည့်အတွက် မန်ယူအသင်း၏ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

အသက် ၃၉ နှစ်အရွယ် နည်းပြအမိုရင်သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ၂၀၁၉ ခုနှစ်က ဘရာဂါအသင်းနှင့်စတင်ပြီးနောက် ၂၀၂၀ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းကို စတင်တာဝန်ယူကိုင်တွယ်ရာ ပထမဆုံးဘောလုံးရာသီ၌ ပေါ်တူဂီလိဂ်တွင် အဆင့် (၂) ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့သည်။ စပို့တင်းလစ္စဘွန်းအသင်းသည် ယခုဘောလုံးရာသီတွင်လည်း ပေါ်တူဂီလိဂ်ပြိုင်ပွဲတွင် ကိုးပွဲကစားခဲ့ရာ ကိုးပွဲအနိုင်ရရှိထားပြီး ရှုံးထွက်ဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မန်ယူအသင်းက နည်းပြအမိုရင်ကို သုံးနှစ်စာချုပ်အတွက် လုပ်ခလစာ စတာလင်ပေါင် ၁၉ ဒသမ ၅ သန်း ပေးချေရမည်ဖြစ်ပြီး နည်းပြအမိုရင်အနေဖြင့် ယူရိုပါလိဂ်ပွဲစဉ်အဖြစ်ကစားမည့် ပေါက်အသင်းနှင့် ပွဲစဉ်ကို စတင်တာဝန်ယူကိုင်တွယ်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Topskills Sports UK*

# နည်းပြဘဝမှအနားမယူမီ ပရီးမီးယားလိဂ်အသင်းတစ်သင်းကို ကိုင်တွယ်လိုကြောင်း မော်ရင်ဟိုပြောကြား

အစ္စတန်ဘူ အောက်တိုဘာ ၃၁

တူကီယဲကလပ် ဖီနာဘာချီအသင်းနည်းပြမော်ရင်ဟိုက ပရော်ဖက်ရှင်နယ်နည်းပြဘဝမှ အနားမယူမီ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းတစ်သင်းကို ထပ်မံတာဝန်ယူကိုင်တွယ်လိုကြောင်း ပြောကြားခဲ့သည်။

အသက် ၆၁ နှစ်အရွယ် နည်းပြမော်ရင်ဟိုသည် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများဖြစ်သည့် ချယ်လ်ဆီးအသင်း၊ မန်ယူအသင်းနှင့် စပါးအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလားအပါအဝင် ဆုဖလားများစွာဆွတ်ခူးနိုင်သကဲ့သို့ မန်ယူအသင်းနှင့်လည်း ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

နည်းပြမော်ရင်ဟိုက "ကျွန်တော် အင်တာဗျူးတစ်ခုမှာ အင်္ဂလန်အောက်တန်းကလပ်အသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်လိုတယ်ဆိုတာ စိတ်ဆိုးလို့ပြောမိတာပါ။ အောက်တန်းကလပ်အသင်းတစ်သင်းကိုတော့ တာဝန်ယူမှာမဟုတ်ပါဘူး။ ဒါပေမဲ့ နည်းပြဘဝက အနားမယူမီမှာတော့ ပရီးမီးယားလိဂ်က ကလပ်အသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်လိုပါတယ်။ တစ်ချိန်မှာ ကျွန်တော် လန်ဒန်ကိုပြန်သွားလိုပါတယ်။ လန်ဒန်မှာနေရတာကိုသဘောကျပါတယ်" ဟု ပြောသည်။

*Ref;Sky Sports*

# ကမ္ဘာ့အကောင်းဆုံးကစားသမားဆုရရှိသည့် ရိုဒရီ အထိမ်းအမှတ်အောင်ပွဲခံရာတွင် ဗင်နီစီးယက်စ်ကို လှောင်ပြောင်မှုပြုလုပ်ခဲ့၍ ဝေဖန်မှုများနှင့်ရင်ဆိုင်နေရ

မန်ချက်စတာ အောက်တိုဘာ ၃၁

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီသည် ၂၀၂၄ ခုနှစ် တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးကစားသမားဆု (Ballon D'or)ရရှိသည့်အထိမ်းအမှတ်အဖြစ် စားသောက်ဆိုင်တစ်ဆိုင်၌ အောင်ပွဲခံအခမ်းအနားပြုလုပ်ကာ အောင်ပွဲခံခဲ့ရာတွင် ပြိုင်ဘက်ဗင်နီစီးယက်စ်ကို လှောင်ပြောင်မှုပြုလုပ်ခဲ့၍ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ရိုဒရီသည် ပြင်သစ်နိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးကစားသမားဆုပေးပွဲအခမ်းအနားတွင် အမြင့်ဆုံးဆုဖြစ်သည့် ၂၀၂၄ ခုနှစ် တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံးအမျိုးသားကစားသမားဆုကိုရရှိပြီးနောက် မန်ချက်စတာမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ မန်စီးတီးအသင်းဖော်များနှင့် အောင်ပွဲခံခဲ့ရာတွင် ကခုန်ပြီး ဗင်နီစီးယက်စ်၏နာမည်ကိုအော်ဟစ်ကာ ဘိုင့်ဘိုင် ဗင်နီစီးယက်စ်ဟု လှောင်ပြောင်ခဲ့သည့်အတွက် ပရိသတ်များ၏ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

အစောပိုင်းက ၂၀၂၄ ခုနှစ် တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံးအမျိုးသားကစားသမားဆုကို ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား ဗင်နီစီးယက်စ်က ဆွတ်ခူးရန် ရေပန်းစားခဲ့သော်လည်း ဆုပေးပွဲအခမ်းအနားမကျင်းပမီ နာရီပိုင်းအလိုတွင် ဗင်နီစီးယက်စ်ကိုကျော်ဖြတ်ပြီး ရိုဒရီက ရရှိမည်ဟု သတင်းများထွက်ပေါ်ပြီးနောက် ဗင်နီစီးယက်စ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတာဝန်ရှိသူများက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ မမျှတသည့်ဆုံးဖြတ်ချက်အပေါ် မကျေနပ်သည့်အတွက် ဆုပေးပွဲအခမ်းအနားကို မတက်ရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရိုဒရီက ဗင်နီစီးယက်စ်ကို လှောင်ပြောင်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*

# ဘာစီလိုနာအသင်းက တောင်ပံတိုက်စစ်ကစားသမား ရာဖင်ဟာကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ပြင်ဆင်နေ

ဘာစီလိုနာ အောက်တိုဘာ ၃၁

ဘာစီလိုနာအသင်းက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် တောင်ပံတိုက်စစ်ကစားသမား ရာဖင်ဟာကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ရာဖင်ဟာသည် ၂၀၂၂ ခုနှစ်က လိဒ်ယူနိုက်တက်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကာ အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး လက်ရှိဘောလုံးရာသီတွင်လည်း ဂိုးသမားတာစတီဂန်၏နောက်၌ ဒုတိယအသင်းခေါင်းဆောင်အဖြစ်ပါ တာဝန်ယူနေသူဖြစ်သည်။

လက်ရှိ ရာဖင်ဟာနှင့် ဘာစီလိုနာအသင်းတို့၏ စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် ဇွန်လမှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဆော်ဒီထိပ်တန်းကလပ်အသင်းများက မြင့်မားသည့်လုပ်ခလစာများဖြင့် ခေါ်ယူရန်ကြိုးပမ်းခဲ့သကဲ့သို့ လာမည့်အပြောင်းအရွှေ့ကာလများတွင်လည်း ထပ်မံကမ်းလှမ်းရန် ပြင်ဆင်နေသည့်အတွက် ဘာစီလိုနာအသင်းက အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လိုသောကြောင့် နောက်ထပ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ရာဖင်ဟာသည် ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲ၌ ၁၁ ပွဲကစားပြီးချိန်တွင် ခြောက်ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

*Ref;ESPN*



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု (ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**


# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**အောက်တိုဘာလ ၃၀ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan UD Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၇)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီး ရမိမှု။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၈၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှတောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးနှင့် ရန်ကုန်မြို့မှ အောင်ပန်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၁၃၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှမန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၁၄၄၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့၊ BOC ဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၀၇၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၄၂၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၉၈၅၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ တရားမဝင်မီးသွေး (၅ ဒသမ ၃၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၄၄၈)ကို သစ်တောဥပဒေအရ



မန္တလေး တိုင်းဒေသကြီး၌ ဖမ်းဆီး ရမိမှု။

လည်းကောင်း၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၄၄၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၅၆၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၃၀ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၇၃၄၀၄၈)**ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

"LATT BON NAN TRADING COMPANY LIMITED"

**ဖျက်သိမ်းရန်ကြော်ငြာချက်**

၁။ "LATT BON NAN TRADING COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၂၉)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ | U THIHA

B.Com(AA)C.P.A(210) | MANAGING DIRECTOR

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | LATT BON NAN TRADING CO.,LTD

"NEW OKHLA TRADING COMPANY LIMITED"

**ဖျက်သိမ်းရန်ကြော်ငြာချက်**

၁။ "NEW OKHLA TRADING COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၂၉)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ | U THIHA

B.Com(AA)C.P.A(210) | MANAGING DIRECTOR

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | NEW OKHLA TRADING CO.,LTD

"BAMA MANDAI CONSTRUCTION COMPANY LIMITED"

**ဖျက်သိမ်းရန်ကြော်ငြာချက်**

၁။ "BAMA MANDAI CONSTRUCTION COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၂၉)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ | U THIHA

B.Com(AA)C.P.A(210) | MANAGING DIRECTOR

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | BAMA MANDAI CONSTRUCTION CO.,LTD

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Polyalumnium Chloride(PAC)Powder | ၄၀၀၀၀ အိတ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၁-၂၀၂၄ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၄-၁၁-၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

**ပျောက်ဆုံးကြောင်း**

မြစ်ကြီးနားမြို့၊ တာလောကြီးကျေးရွာနေ ဒေါ်မိုးမိုးအောင်(ဘ)ဦးလောလှိုင် ၁/မကန(နိုင်)၂၁၈၂၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 361201)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၅၀၈၈၁၇

**ပျောက်ဆုံးကြောင်း**

နန့်လူစီးယား(ဘ)ဦးခဈော့ ၁၄/မမန(နိုင်)၃၃၅၇၆၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MF 087580)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

အောင်ဇော်ထွန်း(ဘ)ဦးတင်ရှိန် ၁၂/ဗဟန(နိုင်)၁၈၅၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(431346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မိတင်စုလှိုင်(ဘ)ဦးမင်းအေးလှိုင် ၃/ဘအန(နိုင်)၁၂၈၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(671254)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

သင်းသင်းစိန်(ဘ)ဦးကျော်ဝင်း ၁၄/ဘကလ (နိုင်)၁၇၅၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**

(30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၃၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**အလိမ္မာစာမှာရှိ**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း
MYAWADDY
အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယကုန်း၊ဖြူး၊နေပြည်တော်၊
သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊
ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါးဇီတို့တွင်လွတ်လပ်စွာ
ဝယ်ယူနိုင်ပါသည်။
ဖုန်း။ ၀၅၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
MPU
UnionPay
လုံခြုံလျှို့ဝှက်၊
ဆောင်ရွက်မြန်မှန်၊ မြဝတီဘဏ်
Phone No : (01) 2301367, 2301368, 2301452, 2301378

❖ **တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ရာမညယူနိုက်တက်အသင်းနှင့် University အသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပရာ ရာမညယူနိုက်တက်အသင်းနှင့် University အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ ရေဝတီရိန်းဂျားအသင်းနှင့် University အသင်းတို့ကစားခဲ့ရာ University အသင်းက ၅ ဂိုး ၁ ဂိုးဖြင့် **စာမျက်နှာ ၂၅ ကော်လံ ၁ ➲**

## နိုင်ငံတကာရေးရာ

စာ - ၂၃ သို့



**မြောက်ကိုရီးယားက ရန်ဘက်များကို သတိပေးသည့်အနေဖြင့် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်**

**အမေရိကန်က တောင်ကိုရီးယားသို့ နျူကလီးယားလက်နက်များ ထောက်ပံ့ပေးရန်အသင့်ရှိ**



**ရုရှားယူကျုချန်နယ်များကိုပိတ်သည့် ဂူဂဲ အမေရိကန်ဒေါ်လာ ဒက်စီလီယံ ၂၀ ဒဏ်ရိုက်ခံရ**

**တရုတ်က လေယာဉ်တင်သင်္ဘောနှစ်စင်းပါပုံစံများဖြင့် ပထမဆုံးသောစစ်ရေးလေ့ကျင့်မှုပြုလုပ်**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

